ORB.30/
5582

Bur.
D.
1181

# သံသရာသမုဒ်။ ရေအရုတ်ဝယ်။ မြောမြုတ်နစ်မွန်းလူတဝန်း နှင့်။ ရဟန်း သူတော်မြတ်တို့ပဒို ပတ်မယိမ်း။ ကျင့် ထိမ်းမြဲမြဲ။ ချိုး ချန်စောင့် ရှောက်။ ဆောက်တည် တော်မူသဖြင့်။ ပါရဂူကမ်းခြေ။ မြိုက်နန်း မြေ သို့။ မသွေမနှောင့်။ ဖြောင့်ဖြောင့်ရောက်လွယ် ကြ စေ ခြင်း ငှါ။ ဒွါ ကျင် ဆ ရာ တော် ဘုရား။ ရေးသား သေ ချာ။ ဆုမ္မရာ ဆုမ္မာကြောင်း။ ကောင်းမြတ်သော ဩဝါဒါလင်္ကာရဓမ္မကထာကျမ်း။

---

ရန်ကုန်မြို့။
ရတနာဗုံသတင်းစာတိုက်။
သက္ကရာဇ် ၁၂၃၇ ခု။ တပေါင်းလ

---

ဆရာဗုဒ်ပုံနှိပ်သည်။

---

RANGOON:
Printed at the "BRITISH BURMA NEWS" PRESS.

ebook is created by **www.ShanYoma.Org**

ebook is created by **www.ShanYoma.Org**

(သျှမ်းရိုးမအွန်လိုင်းစာကြည့်တိုက်  www.ShanYoma.Org)

မူရင်းစာအုပ်အတိုင်း
စာလုံးပေါင်း သတ်ပုံများကို
ပြင်ဆင်ခြင်းမရှိပဲ
ကွန်ပျူတာစာစီ ရိုက်နှိပ်ထားပါသည်။

ebook is created by **www.ShanYoma.Org**

Bur D 1181

ORB 30/5582

သံသရာသမုဒ္ဒါ။ရေအရုတ်ဝယ်။မြောမြုတ်နစ်မွန်းလူတဝန်း
နှင့်။ ရဟန်း သူတော်မြတ်တို့ပဒို ပတ် မယိမ်း။ ကျင့်
ထိမ်းမြဲမြဲ၊ ချီး ချန်စောင့် ရှောက်။ ဆောက်တည်
တော်မူသဖြင့်၊ ပါရဂူကမ်းခြေ၊ မြိုက်နန်း မြေ
သို့။မသွေမရှောင့်။ဖြောင့်ဖြောင့်ရေဲလွှယ်
ကြစေခြင်းငှါ။ ရွှေကျင်ဆရာတော်
ဘုရား။ ရေးသား သော ချာ။ ဆုမ္မရာ
ဆုမ္မ ကြောင်း။ကောင်းမြတ်သော
ဩဝါဒါလင်္ကာရမ္မကထာကျမ်း။

---

ရန်ကုန်မြို့။
ရတနာပုံသတင်းစာတိုက်။
သက္ကရာဇ် ၁၂၃၇ ခု။တပေါင်းလ
1875

---

ဆရာဖွပ်ပုံနှိပ်သည်။

---

RANGOON:
Printed at the "BRITISH BURMA NEWS" PRESS.

ebook is created by **www.ShanYoma.Org**

| အချပ်။ | ကြောင်းရေ။ | ကျပေါက်ပျက်ပြားသည့်ပါဌ်။ |
| --- | --- | --- |
| ၁ | ၆ | တပည့်နှာသယရှိ။ တပည့်တို့နှာသယကပြင်။ |
| ၁ | ၁၂ | သွန်း လောင်း ကြ အပ် သော မေ တ္တာ ရှိ။ မေတ္တာရေသွန်းလောင်းကြအပ်သည်အား လျှော်စွာပြင်။ |
| ၅ | ၁ | သမုဒ္ဒယာရှိ။ သမုဒ္ဒရာပြင်။ |
| ၆ | ၂၃ | ကျမ်းဂန်လာရှိသည်ရှိ။ ကျမ်းဂန်ပါဠိရှိပြင်။ |
| ၇ | ၁၆ | ဂန္တိယရှိ။ ဂန္တိရပြင်။ |
| ၈ | ၃၁ | သမ္ဘံရှိ။ သမ္ဗံပြင်။ |
| ၄၀ | ၂၃ | ဝိဏ္ဏသသရှိ။ ဝိတဏ္ဍသသပြင်။ |
| ၄၅ | ၇ | အခြေကြီးကျန်ကြပြီးမှရှိ။ အခြေကြီးကိုရပြီးပြင်။ |

ebook is created by www.ShanYoma.Org

# သြဝါဒလင်္ကာရဓမ္မကထာ

ဇေယျုတု။ ။သမ္ဗုဒ္ဓေါမေသီသေဋ္ဌာတု။ ဓမ္မောသံဃောအနုတ္တရော။ ဣဋ္ဌံတောမေသီဃံယာတု။ သံကထာနုဘာဝကော။ ။ပဏာမောယံ။ ။သာဝဇ္ဇေပဋိသေဓေန္တော၊ အနဝဇ္ဇေနိယောဇကော။ ဘူသောစရတိ သိဿာနံ။ အတ္တံအာစရိယောတတော။ ။ဤသို့သော ဗျူပ္ပတ်။ ဝစနတ်ဂါထာ။ လာသည်နှင့်အညီ။ မကောင်းမြစ်တား။ ကောင်းရာတိုက်တွန်း။ ညွှန်းပြသည်ဖြစ်၍။ သိဿကတို့၏ အကျိုးငှာသာ။ ကောင်းစွာကျင့်ဆောင်တတ်သောကြောင့် အာစရိယ။ နွတ္တသညာ။ ရွှေကျင်တိုက်တပည့်နာယကဆရာသည်။ ဂရုသေစနေ။ လာပေသည့်မာတ်နက်အရ။ ။အတ္တလေဏာနသိဿာနံ။ မေတ္တာဒကေနသိဥ္စတိ။ တေ ဟိ ဝါ တေနသိဉ္စိတ္တော။ ဂုရုဝုစ္စတိသောတတော။ ။ဟူသောဂါထာနှင့်အညီ။ ၎င်းရွှေကျင်တိုက်တပည့်အပေါင်းတို့ကလည်း။ ငါတို့ဆရာချမ်းသာပါစေကြောင်း။ သွန်းလောင်းကြအပ်သော။ မေတ္တာရှိကြသည်အားလျော်စွာ။ ယင်းတပည့်တို့အား။ သနားခြင်းမေတ္တာ ကရုဏာသည်။ အခါခါတိုက်တွန်း နှိုးဆော်အပ်သည်ဖြစ်၍။ ။ဟိမဝန္တေမဟာသာလေ၊ မဟာမေဃောဝသဒ္ဒမ္မော၊ သောဘေတိသာသနေသန္တေ၊ ဝဍ္ဍေန္တော သံဝရာဒိကေ။ ။မိန့်ပေသည် ဂါထာနှင့်အညီ။ ဆောင်းဥတုရာသီအပြောင်း။ တပေါင်းတန်းခူး။ မင်းလွင်မြူး၍။ မိုဃ်းဦးနီးသည့်အခါ။ ဟိမဝန္တာ။ မဟာဂနိုင်။ မြိုင်ညိုကြီး၏အတွင်း။ အင်ကြင်းပင်ကြီးတို့၏အတက်။ တခဲနက်တက်၍ရွာသော။ အာကာလမိုဃ်းကြီးသည်။ ယင်းအင်ကြင်းပင်ကြီးတို့၌။ ရွက်ရော်ရွက်ရောင်း။ ရွက်မကောင်းတို့ကို။ တပေါင်းတည်းကြွေကျစေလျက်။ စိမ်းညိုနီရွှေ။ ရွက်နုတွေမြိုင်မြိုင်။ ပွင့်ဖူးတွေအဆိုင်ဆိုင်။ ပန်းရနံ့တကြိုင်ကြိုင်နှင့်။ ယင်းဟေဝန္တာမြိုင်အလုံးကို။ အံ့ခြီး၍မဆုံးနိုင်ဘွယ်။ တပေါင်းတည်း တင့်တယ်စေသဥ္စပမာ။ သတ္တဝါတို့ဓမ္မတာ။ ဘဝအဆက်ဆက်သံသရာက။ ရှည်လျားစွာ ခံစားဟောင်း။ ကာမဂုဏ်သောင်းပြောင်း။ ကိလေညှိရွက်ရောင်း။ ရွက်မကောင်းတို့ကို။ တပေါင်းတည်းကြွေကျစေပြီးခါ။ ထူးမြတ်လှစွာ။ အဓိသီလသိက္ခာတည်းဟူသော ရွက်သစ်ရွက်နုတို့ကို။ လျှင်မြန်စွာနုစေ၍။ သမာဓိဝိပဿနာတည်းဟူသော။ ပွင့်ဖူးတွေအတန်တန်။ ဝိမုတ္တိမဂ်ဉာဏ်တည်းဟူသော။ ပွင့်ချပ်တွေအဖုံဖုံ။ သောင်းဇမ္ဗူတုန်ဂမန်း။ ကျော်လွှမ်း၍ တက်သည့်သတင်းဂုဏ်တည်း ဟူသော ပန်းရနံ့တို့ဖြင့်။ တပျံ့ပျံ့မွှေးကြိုင်စေလျက်။ သာသနာတော်တည်းဟူသော။ ဟိမဝန္တာမြိုင်ခြေဝယ်။ အသွယ်သွယ်သောသူတော်ကောင်း ရဟန်းတည်းဟူသော အင်ကြင်းပင်ကြီးတို့ကို။ အံ့ခြီး၍ မဆုံးနိုင်ဘွယ်။ အလွန်တင့်တယ်စေနိုင်သော ဘုရားရှင်၏ဒုလ္လဘဒေသနာ။ သြဝါဒဓမ္မကထာဖြင့်။ မင်း လှရွာအရှေ့တောင်။ မြစ်တဘက်ဝါးရုံချောင်။ နွားလံတောင်ခေါ် ဆို။ မြိုင်ညိုရစ်သမ်း။ တောင်သုံးလုံးခါးပန်း။ တောစခန်းဌာန။ ဝိဟာရမှ။ သိဿကတပည့်ပေါင်းတို့အား။ အသွယ်သွယ်သောစကားတို့ဖြင့်။ မှာထားဆုမ္မလိုက်လိုသည်ဖြစ်၍။ ဤဆိုလတ္တံ့သည်ကား။ ယင်း

ebook is created by www.ShweYoma.Org

ဩဝါဒကထာ မာတိကာနိဒါန်းတဉ်း။

ပီယေဟိဝိပ္ပယောဂသောကသလ္လဝိဓမနကထာ။ သံဝရသီလကထာ။ ဘာသာရာမတာဒိပဟာနကထာ။ သဗြဟ္မစာရီသုဂါရဝကထာ။ သဗြဟ္မစာရီသုမေတ္တာပုပ္ပင်မအရဏဝိဟာရကထာ။ သေဝိတဗ္ဗမိတ္တာအင်္ဂကထာ။ သဗြဟ္မစာရီသုပဋိသန္ထာရေဂါရဝတာကထာ။ ဝတ္တာနုဝတ္တပူရဏကထာ။ သဗြဟ္မစာရီနံသော ဝစ္စဿတာကထာ။ နာယကအင်္ဂါကထာ။ လာဘသက္ကာရသိလောကဿာဒနိဂ္ဂဟကထာ။ ကာမာနံအာဒိနဝဒဿနကထာ။ အပ္ပမာဒဝိဟာရကထာ။ သဗ္ဗသင်္ခါဟိကသင်္ခေပကထာ။ ဤသို့အားဖြင့် တဆယ့်ငါးပါးသောဩဝါဒကထာ။ မာတိကာနိဒါန်းထား၍။ မှာကြားဆုမ္မလိုက်သတည်း။ ။ယင်းတဆယ့်ငါးပါးတို့တွင်။ အစည်အတိုင်း။ ရှေးဦးစွာသော။ ပီယေဟိဝိပ္ပယောဂသောကသလ္လဝိဓမနကထာ၌။ ။အနမတဂ္ဂေါယံ။ ဘိက္ခဝေသံသာရောပုဗ္ဗာကောဋိနပညာယတိ။ အဝိဇ္ဇာနိဝရဏာနံသတ္တာနံတဏှာသံယောဇနာနံ။ ပ ။တေဒေဝဘိက္ခဝေဗဟုတရံ။ ယံဝေါက္ကမိနာဒီဃေနအဒ္ဓုနာသန္ဓာဝတံသံသာရတံ။ အမနာပသမ္ပယောဂါ။ မနာပဝိပ္ပယောဂါ။ ကန္ဒန္တာနံရောဒန္တာနံအဿုပဿန္နံ ပဃရိန္တံ။ နတွေဝစတူသုမဟာသမုဒ္ဒေသုဉဒကန္တိ။ ။ပါဠိတော်အရ။ သုံးလောကလူအလုံး။ ကရိုးကရင်း။ ဆင်းကြသူ။ စုန်ကြသူ။ လူဖြစ်ချည်။ နတ်ဖြစ်ချည်။ အတည်မဲ့မျိုး။ အစိုးမရ။ ရှေးဝိပါက်ကံချရာ။ ဘယ်ကိုမှမရှောင်သာ။ ယောရှဝနှင့်ကာလသုတ်။ တာပန္နနှင့်ဘင်ပုပ်။ ဉဿဒ္ဒရက်နှင့်သိန်းဇိုး။ လောဟကုမ္ဘီကြေးဒယ်အိုး။ အဝိစိတိုင်ငုတ်၍လျှိုး။ ငရဲမျိုးပြိတ္တာဘုံ။ ဂေါဏကုက္ကုရအဖုံဖုံ။ ဆင်းရဲမျိုးစုံစံစားလျက်။ ငိုရည်ငိုရဉ်။ တကြည်ကြည်ခံစား၍။ အားမရနိုင်ကြရှာ။ အဝိဇ္ဇာနှင့်တဏှာဆွဲငင်ရာ။ စမထင်သံသရာတွင်။ အခါခါ ကြွင်လည်ကြကုန်သောသတ္တဝါတို့ဓမ္မတာ။ ။ပုတ္တမတ္ထိမေမတ္ထိ။ ဣတိဗာလောဝိဟညတိ။ အတ္တာပိအတ္တနောနတ္ထိ။ ကုတောပုတ္တောကုတောဓနံ။ ။အမိန့်တော်အတန်တန်ကိုမျှ။ မနာခံနိုင်ကြဘဲ။ မယုံမယုံကန္တတီတိမယုကော။ မယုင့်ကသဘောလို။ သက္ကာရဒိဋ္ဌိဝင်နှောက်နှော၍။ ငါ၏သားသော။ ငါ၏သမီးသော။ သူ့ဟာသော။ ငါ့ဟာနှယ်။ အသွယ်သွယ်ရောင်ရမ်း။ သန္ဓိပါတ်ရောဂါလွှမ်း၍။ ငမ်းဘမ်းသောသူ၏ပမာ။ အဝိဇ္ဇာနှင့်တဏှာဘမ်းထား။ ညာဏ်မျက်စိမှောက်မှားသဖြင့်။ မျှားမကြာသေကြရလိမ့်မည်။ ဘယ်ဟာတခုမှအတည်မကျ။ အရည်မရ။ ဆိုသည့်အနေမျှားကို။ လားလားမှ နှစ်လုံးမထား။ ငါးကာမုံအာရုံကြားတွင်။ ရယ်ဟားရယ်ဟား။ ပျော်ပါးမြူးတူး။ ရှူးယစ်၍နေကြသည့်အတွင်း။ အနတ္တညွှတ်ကွင်းနှင့်။ သေမင်းယမရာဇ်။ မီးထုပ်ကြီးပစ်ခါမှ။ ဘိဇ္ဇနဓမ္မောဘိဇ္ဇတိ။ ဝိပရိဏာမသဘောအတိုင်း။ ချစ်လှသည့်သား။ ချစ်မယား လင်။ ချစ်ခင်ဆရာ။ ချစ်သိဿာဟူ။ ချစ်သူညာတက။ ချစ်လှဗန္ဓဝါ။ ချစ်ဉစ္စာတို့နှင့်။ သီခေါင်ဝေးစွာ။ တရွာတကျောင်း။ ပြောင်းသွားကွေကွင်း။ သေခြင်းမလှ။ သေကြသည့်အခါ။ နာနာဘာဝ။ ဝိဘာဝကြောင့်။ ပီယေဟိ ဝိပ္ပယောဂ။ သောကပြောင့်ကြီး။ ဒေါမနဿမီးကြီး။ ညီးညီးပြောင်ပြောင်။ ခြစ်ခြစ်ပူလောင်။ ဂျွန်းထောင်၍ ထိုးမတတ်။ မရပ်နိုင်မတည်နိုင်။ တမှိုင်မှိုင်တတွေတွေ။ ရေစာမဝင်။ ကိုယ်လက်ကိုမျှ မသုတ်သင်ချင်။ ခေါင်းဆံပင်ကိုမျှ မဖီးမလိမ်းချင်

အရှုးပင်တပိုင်းဖြစ်ခမန်း။ ကြောက်ရမှန်း။ ရှက်ရမှန်းကိုမျှမသိ။ ပရိဒေဝမီး။ တောင်ကြီးနှယ် ဘိစီး၍။ ရင်ဘတ်ကိုအားကုန်တီးလျက်။ ငိုခြင်းကြီးငိုကြရာ။ ရှိစီး၍ထွက်လာသောမျက်ရည်ကို မယူပယ်ထား။ နောက်ပိတ်ဆုံး ထွက်လှာသည့်မျက်ရည်ကြည်များ အပေါင်းသည်ပင်လျှင်။ သမုဒ္ဒယာလေးစင်းထက်မက။ အလွန်များလှသည်သာဟု။ သုံးလုထိပ်တင်။ ဘုရားရှင်မိန့်တော်မူသည်များကို။ သံဝိဂ္ဂသတိထားကြသည်ဖြစ်၍။

ယာဝဋ္ဌိဒံဘိက္ခဝေ။ သဗ္ဗသင်္ခါရေသုအလမေဝ နိဗ္ဗိန္ဒိတုံ။ အလံဝိရဇ္ဇိတုံ၊ အလံဝိမုစ္စိတုံ။ ။ ပါဠိတော်ကြေးမုံအတိုင်းတစုံတရာ။ ချစ်လှစွာသောမိဘတို့နှင့်ကင်းကွာ။ ဆရာတို့နှင့်ကွေကွင်း။ တပည့်ရင်းတို့နှင့်ကွဲပြား။ ဆွေမျိုးများ ပျက်စီးခြင်းစသော ပီယေဟိဝိပ္ပယောဂဒုက္ခများနှင့်တွေ့ကြုံကြသည့်အခါ ဘဝအဆက်ဆက်ငါခံစား၍။ အားမရနိုင်သောချမ်းသာဟူသည်။ ဤသည်ပင်တည်းဟု။ နိဗ္ဗိန္ဒညာဏ်ဖြင့်သာ။ ငြီးငွေ့ဘွယ်ကို။ ကောင်းစွာရှုကြကုန်လျက်။ ယင်းသို့သောပီယေဟိဝိပ္ပယောဂထွက်များကြောင့်။ တုန်လှုပ်ချောက်ခြား။ စိတ်လျော့ပါးခြင်းသို့မရောက်စေဘဲ။ ကျွဲကော်လို့။ ခြုံပေါ် သို့ကျပေသည်။ ဆိုဘိသည်ပမာ။ ။အကုသလောဓမ္မောကုသလဿဓမ္မဿဥပနိဿယပစ္စယေနပစ္စယော၊ ဟောတော်မူအပ်သည့်အတိုင်း။ ယင်းပီယေဟိဝိပ္ပယောဂသောကကိုပင်။ ဝိပဿနာတင်၍။ ဤယခုငါတွင်။ ထင်ရှားဖြစ်လှာသော။ နှစ်လုံးပူပန်ခြင်းဟူသည်။ သောကပင်တည်း။ ယင်းသောကဟူသည်။ ဒေါသပင်တည်း။ ယင်းဒေါသဟူသည်။ အပါယ်ဘုံသို့ချဆောင်တတ်သော အကုသိုလ်တရားတည်း။ ဤဒေါသသည်။ ဒေါသမူစိတ်နှင့်တကွဖြစ်၏။ အယောနိသော။ နှစ်လုံးသွင်းမချောခြင်းကြောင့်ဖြစ်၏။ သတ္တသညာ၊ ဇီဝသညာ၊ နိစ္စသညာကြောင့်ဖြစ်၏။ ဟဒယဝတ္ထု၊ နှစ်လုံးသွေးစုထဲတွင်၊ အထူးကြည်လင်သော၊ သွေးအရပ်ကမ္မဇမဟာဘုတ်ကိုမှီ၍ဖြစ်၏။ ယင်းကမ္မဇမဟာဘုတ်၌ ရှုပါရုံအစရှိသော ဥပါဒါရုပ်တို့သည် မှီ၍ဖြစ်ကြကုန်၏။ ယင်းကမ္မဇမဟာဘုတ် ဥပါဒါရုပ်တို့နှင့်တကွ။ စိတ္တဇရုပ်ဥတုဇရုပ်အာဟာရဇရုပ်တို့သည်လည်း။ တပြိုင်နက်တည်းဖြစ်ကြကုန်၏။ ဤရုပ်အစုတို့သည်ငင်း။ ယင်းသောကနှင့်သမ္ပယုတ်ဒေါသမူစိတ္တုပ္ပါဒ်သည်ငင်း၊ ဤခန္ဓာငါးပါးရုပ်နံတရားတို့သည်။ ဤယခုမျက်စိတမှိတ်အတွင်း၌ပင်လျှင်။ အကြိမ်ပေါင်းအသောင်းမက။ ဖြစ်၍ဖြစ်၍ပျက်စီး၍ပျက်စီး၍နေတတ်သောကြောင့်။ မမြဲရကား။ အနိစ္စအနိစ္စ။ ထိုသို့ဖြစ်ချည်ပျက်ချည်။ အတည်မကျ။ ခံနေရသောကြောင့် ဆင်းရဲရကား။ ဒုက္ခဒုက္ခ။ ထိုသို့မဖြစ်မပျက်ရအောင် ဆီးမနိုင်တားမရသည်ဖြစ်၍။ အစိုးမရ အနတ္တအနတ္တသာတည်းဟု။ ဝိပဿနာရှုရလျှင်။ သမသနညာဏ်အစရှိသော ဝိပဿနာညာဏ်ထင်သဖြင့်။ မဂ်ဖိုလ်ပေါက်လောက်အောင်ပင်။ အကျိုးမြင်စရာနည်းနာရှိသည်ဖြစ်၍။ ယင်းသို့သော သဘောရှိသော ပီယေဟိဝိပ္ပယောဂသောကဖြစ်လှာတိုင်း ဖြစ်လှာတိုင်း။ ယခင်နည်းဝိပဿနာတင်၍။ များစွာသောဝိပဿနာဇောအစည်တို့ကိုသာဖြစ်စေလျက်။ ယင်းပီယေဟိဝိပ္ပယောဂဒုက္ခအတွက်။ ဒေါမနဿဝင်ဖျက်။ စိတ်ပျက်လက်လျော့မရှိစေရ။ အားထုတ်မြဲတိုင်းသောပရိယတ်ပဋိပတ်တရားတို့ကိုသာ။ မြဲမြံစွာအားထုတ်နေထိုင်ကြရမည့်အကြောင်းများနှင့်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ရှေးဦးစွာ ပဌမစကား။ မှာကြားဆုမ္မလိုက်သည်တရပ်။

သည်မှတပါး သံဝရသီလကထာ၌လည်း။ ။ပါတိမောက္ခံဝိသောဓေန္တော။ အပ္ပေဝ ဇီဝိတံဇဟေ၊ ပညတ္တံလောကနာထေန။ နဘိန္ဒေသီလသံဝရံ။ ။ကျမ်းဂန်လာရှိသည့်အ တိုင်း။ ။သကုန္တောဝကိကီအန္ဒံ။ ဝါဠံဝစာမရီမဂေါ၊ စဇန္တောဇီဝိတံကာယံ။ သံဝရံသံဝရေမုနိ။ ။လာဘိသည့်ဂါထာမသေ့။ နေ့ရက်ရှဉ်ကြာသန္ဓေဆောင်ထား။ မွေးဘွားရသော မိမိ၏ဥတစ်လုံး တွက်။ အသက်ကို အသေခံဝံ့သောယစ်မ။ ထူးမြတ်လှအဘိုးတန်။ ဝိသေသမြီးဆံကြောင့်။ ပုပ် ညှိနံကိုယ်ကာယတွက်။ သေဘေးကိုမငဲ့ကွက်သည့်စာမရီတို့ကို။ အလီလီရှုကြပြီးခါ။ ဘိုးမတန် သည့်ပုပ်နံညှီဟောင်။ ဤအကောင်ကိုယ်ကာယတွက်။ အဘိုးအနဃသံဝရသီလကြီး။ ပျက်စီး ဆုတ်ယုတ်ကြောင်း။ အလွန်မကောင်းသော။ ကုလဒုသနအနေသနမိစ္ဆာဇီဝများကို။ ပြုမှားမိ၍ မရှိကြရအောင်။ ။ကိစ္စိနုခေါမေအတ္တာသီလတော။ နဥပဝဒတီတိပဗ္ဗဇိတေနအဘိဏှံပစ္စဝေက္ခိ တဗ္ဗံ။ ။အမိန့်တော်ဒေသနာသံကို။ နာခံရသည့်အတိုင်း။ ပါပိစ္ဆမဟိစ္ဆအယုတ်တရားဖျက်ဆီး ၍။ မိမိကိုယ်ကို အာပတ်ကြီးငယ်များနှင့် စွတ်စွဲပူပန်မရှိရအောင်။ ။ကိစ္စိနုခေါမံ သဗြဟ္မစာရီ သီလတောနဥပဝဒန္တီတိအဘိဏှံပစ္စဝေက္ခိတဗ္ဗံ။ ။ထပ်မံ၍ အမိန့်တော်ထုတ်ပြန်တော်မူသော။ ဘုရားရှင်၏။ ဗျဂ္ဂျတ္ထဒေသကာဓိပ္ပါယကိုလည်း။ ဂမ္ဘီရညာဏ်သွားနှင့်။ များများကြီးသဘောကျ အောင်။ သတိဆောင်ကြပြီးလျှင်၊ မိမိကိုယ်၌ပင်၊ အာပတ်ကြီးငယ်များနှင့်။ မထင်မမြင်သော် လည်း။ လူရှင်အများ။ ယုံမှားစွတ်စွဲစရာမိစ္ဆာဇီဝအနီးအပါး စကားပြောဆို။ အာပတ္တိသာမန္တကို မရှောင်ကြည်မိသော့ကြောင့်ဋ္ဌင်း။ သူတပါးတို့။ သို့လောသို့လော။ တွေးတောစရာ။ ရဟန်းအ ဘော်မပါဘဲ။ မြို့တွင်းရွာတွင်းမျက်နှာဂုဏ်သိန်။ အရှိန်ကြီးရာ။ ရာဇရာဇမဟာမတ္တစသောသူတို့ ထံ။ သွားလာဝင်ထွက်ဖန်များသောကြောင့်ဋ္ဌင်း။ ယင်းသို့သောဒါယကာတို့၌။ စတုကမျတာ။ မုဂ္ဂသုပျတာ။ သုခသံဘာသာ။ ဝိယဘာဏိတတာ။ မိုတပုပ္ပဂ်မတာစသော။ မိစ္ဆာဇီဝအယုတ်တရား များနှင့်။ သူတပါးတို့စွတ်စွဲပြောဆိုခံရတတ်ခြင်း။ မျက်ကွယ်အတင်း။ အဖျင်းပြောသူများ၍။ မကောင်းသတင်းပျံ့နှံ့တတ်ခြင်း။ အပြစ်အာဒိနဝများကို။ များများကြီးသတိထားကြကုန်သည် ဖြစ်၍။ လူရှင်အများတို့။ ယုံမှားမကင်းစရာ။ မျက်နှာဂုဏ်သိန်။ အရှိန်ကြီးသော။ ရဟန်းဒါယ ကာ။ ရာဇရာဇမဟာမတ္တတို့ထံ။ အန္တောနဂရ။ အန္တောပူရသို့ သွားလာဝင်ထွက်ကြသည့်အခါ။ တယောက်ထီးထီး မသွားမလာ။ ပူရေသမဏ ပစ္ဆာသမဏ အဘော်များနှင့်သာ။ သွားလာမိကြ အောင်။ ရှေးဆရာဆုမ္မဩဝါဒပေးဘူးသည်အတိုင်း။ မသွေမလှန်မြဲမြံစွာစောင့်ရှောက်နေထိုင်။ မစောင့်စည်းနိုင်ဘောက်ပြန်သူတို့ကို ဒဏ်နှံ့နာအောင်ပေး၍။ ယင်းသို့သော ပရူပဝါဒဘေးကြီး မှ ဝေးဝေးကြီးလွတ်ကြရအောင်။ သတိအထူးဆောင်ကြရမည့်အကြောင်းများနှင့်။ နှစ်ကြိမ် မြောက် ဒုတိယစကား။ ဩဝါဒပေးထားလိုက်သည်တရပ်။

သည်မှတပါး။ ဘဿာရာ မတာဒိပဟာနကထာ၌လည်း။ ။ပဠိမေဘိက္ခဝေအာဒိနဝါ ဗဟုဘာဏိနော။ ကတမေပဥ္စမုသံဘဏတိ။ ပိသုဏံဘဏတိ။ သမ္ဖံဘဏတိ။ သံမုဋ္ဌောကာလံက

ebook is created by www.ShanYoma.Org

ရောတိ။ ကာယဿဘေဒါပရမ္မရဏာဒုဂ္ဂတိံဝိနိပါတံ။ နိရိယံဥပပဇ္ဇတိ။ ။ပါဠိတော်အရ။ စကားများခြင်း၌။ အမှားပါတတ်ခြင်း။ သူအများလည်း မကြည်ညိုစရာ။ ပေသုညသိက္ခာပုဒ်ဖြင့်လည်း။ အာပတ်သင့်စရာအကြောင်းဖြစ်သောချောပြစ်ကုန်းတိုက်သောစကားကိုလည်းပြောကြားမိတတ်ခြင်း။ အကျိုးမရှိနိရတ္ထကဖြစ်သော စကားပေါင်းစကားရောင်းတို့ကို ပြောကြားမိတတ်ခြင်း။ တွေ့တွေ့ဝေဝေသေရတတ်ခြင်း။ သေသဉ်မှနောက်ငရဲဘုံသို့ရောက်ရခြင်း။ အပြစ်ငါးပါးရှိသည်ဟု ဟောတော်မူသည်များကို။ များများကြီးသတိထားကြကုန်သဖြင့်ရင်း။ ။သန္နိပတိတာနံဝေါဘိက္ခဝေဒွယံကရဏီယံဓမ္မီဝါကထာ။ တုဏှီဘာဝေါဝါ။ ။ပါဠိတော်လာတိုင်း။ တစုံတခုသောအရပ်ဌာန၌။ အကြောင်းအားလျော်စွာ။ သုံးပါးလေးပါးစသည်သဃ်ာစုမိကြသည့်အခါ။ အကျိုးမရှိနိရတ္ထက။ စကားများကို။ မပြောကြားမိစေရ။ ပြောကြားလိုလျှင် တရားစကားကိုသာ ပြောကြားမိစေရမဉ်။ ဟောတော်မူသောအမိန့်တော်ကို။ ထိပ်ပေါ်သံမှိုနှက်နှစ်လုံးထားကြကုန်သဖြင့်ရင်း။ ။နိဒ္ဒံတန္ဒိံဝိဇမ္ဘိတံ။ အရတိံဘတ္တသမ္မဒံ။ တံဝေပသဟတိမာရော။ ဝါတောရုက္ခံဝဒုဗ္ဗလံ။ ။မိန့်ခွန်းတော်သံနှင့်အညီ။ အနှစ်တွေ့အကုန်ထွက်၍။ ခေါင်သက်အူနာကျယ်လှသောဒုဗ္ဗလသစ်ပင်ကို။ မုန်တိုင်းဝင်၍တိုက်လှဲ့သည့်ပမာ။ သမာဓိတရားပျောက်ပျက်။ အဖျင်းတရားနှိပ်စက်။ ဝိရိယတရားလက်လွှတ်။ ဖျင်းသွတ်၍နေသောသူကို။ ကာမတဏှာ။ ကိလေသာမုန်တိုင်းကြီး တိုက်လှဲ၍။ အဝိစိငရဲကြီးတိုင်အောင် လွှင့်ဆောင်တတ်သဉ်ဟု။ သေကာဓိပ္ပါယလာသည်များကို။ များများကြီးသတိထားကြကုန်သဖြင့်ရင်း။ ။ဝနမက္ကဋ္ဌလောလဿ နစိတ္တဿဝသံဝဇေ။ ။ပါဠိတော်အတိုင်း။ တောမျောက်ရှိုင်းမသွေ့။ ဣန္ဒြေချွတ်ချော်။ အနေမတော်။ အဆိုမလျော်။ အသရော်အဖျင်း။ ကောက်ကရစကားကိုပွဲကျင်း။ အဖျင်းတွေ့ဝိုင်းဖွဲ့။ ချင်းတို့ချင်းခနိုးခနဲ့။ ပြောလိုရာဆိုလိုရာ။ ရောခါရောင်ခါ။ ခမ်းချောင်ကြားမှာ။ စားခါအိပ်ခါကာလများလျက်။ သကျပုတ္တသမဏသညာတရားများကို နှလုံးမထား။ ရွာသူရွာသားငယ်များတို့ခဲသို့။ သွားတဖြဲဖြဲ။ စကားကိုဘရဘွာကြဲပြော။ ကျယ်လောင်စွာ ရယ်မော။ တသောသောတဟားဟား။ မီးလှုံလို၍။ လူပုံကြားကို ဝင်လိုဝင်။ ချက်လားပြုတ်လား။ ငါးပိယူခဲ့လား။ ဆားယူခဲ့လား။ စားရေးသော်ခမ်းကိုစီရင်လိုစီရင်။ လက်ဘက်ရဉ်အိုးတပြင်ပြင်။ ဆွမ်းစည်ဆွမ်းစား။ နဝကမ္မအမှုများနှင့်သာ။ ကာလကုန်သွားသည်ဖြစ်၍။ ကာလောဃသတိဘူတာနိ။ ပါဠိအရ။ ကာလကိုလူကမစား။ လူကိုသာကာလစား၍။ ဘဿာရာမတာ။ ကမ္မာရာမတာ။ နိဒ္ဒါရာမတာ။ ပရိဟာနိယအယုတ်တရားအားမကြီးကြရအောင်။ ဆိုအပ်ခဲ့ပြီးသော သူတပါးတို့မကြည်ညိုဘွယ်။ ဂုဏ်ကြက်သရေ ညှိုးငယ်စရာ။ မတော်သည့်ဣန္ဒြေအမူအရာများကို။ မဖြစ်စေရအောင်။ သူတော်အများကြည်ညိုဘွယ်ကိုဆောင်၍။ ကောင်းမွန်စွာ ဣန္ဒြေကြီးမား၊ စကားနည်းပါးသဖြင့်။ ပရိယတ်ပဋိပတ်တရားများကို။ များများကြီးအားထုတ်မိကြရအောင်။ တိုက်အုပ်တိုက်ကြပ်ဆရာကြီးတို့က။ မပြတ်မလပ်ကြပ်မကြည့်ရှုနိုးဆော်အားထုတ်နေထိုင်ကြရမည်အကြောင်းများနှင့်။ သုံးကြိမ်မြောက်ဩဝါဒစကားမှာထားဆုမ္မလိုက်သည်တရပ်။

သည်မှတပါး ခန္တီသံဝရကထာ၌လည်း။ ။ပဋိမေဘိက္ခဝေအက္ခန္တိယာ အာဒိနဝါ။ ကတမေပဉ္စ။ ဗဟုနောဇနဿ အပ္ပိယောဟောတိ။ အမနာပေါ။ ဝေရဗဟုလောစဟောတိ။ ဝဇ္ဇဗဟုလောစဟောတိ။ သံမုဠှောကာလံကရောတိ။ ကာယဿဘေဒါပရမ္မရဏာဒုဂ္ဂတိံဝိနိပါတံနိရိယံဉပပဇ္ဇတိ။ ။ပါဠိတော်အရ။ သည်းမခံခြင်း၌ လူတကာမုန်းတတ်ခြင်း။ ရန်သူများခြင်း။ အမှားကိုပြုမိပြောဆိုမိတတ်ခြင်း။ တွေဝေသဖြင့် သေရတတ်ခြင်း။ သေသည်မှနောက်ငရဲဘုံသို့ရောက်တတ်ခြင်း။ အပြစ်ငါးပါးရှိသည်များကို။ သတိထားကြကုန်သည်ဖြစ်၍ရင်း။ ။ခမာခဂ္ဂကရေတဿ။ ဒုဇ္ဇနော ကိံကရိဿတိ။ အတိဏေပတိတောဝဟ္နိ။ သီဃသောဝူပသမ္မတိ။ ။ပါဠိအရ။ လောင်စာမရှိသောအရပ်၌။ ကျရောက်သောမီး၏ပမာ။ သည်းခံခြင်းဟူသောသံလျက်လက်စွဲ၍။ ရဲရဲနေသောသူအား။ မသူတော်တို့၏။ ဒေါသမီးမလောင်နိုင်ဟုကျမ်းဂန်လာသည်များကိုရင်း။ ။သုက္ခသုနာနဝေမဇ္ဈေ။ ဒဏ္ဍဂါဟံပလာယနံ။ ဘူသောသုနာဝဘုက္ခန္တိ။ ဒေါသောဒေါသံသုဒုဿတိ။ ။ဟူသောဂါထာဖြင့်။ သုက္ခသုနာနံ။ တအူအူဟောင်တတ်ကုန်သောအရပ်ခွေးတို့၏။ ဝေမဇ္ဈေ၊ အလယ်၌။ ဝါ၊ အလယ်ကြားသို့ ဒဏ္ဍဂါဟံ။ တုတ်လက်နက်စွဲသည်ဖြစ်၍။ ပလာယနံ။ ပြေးသွားသောသူကို။ သုနာ။ အရပ်ခွေးတို့သည်။ ဘူသော။ လွန်စွာ။ ဘုက္ခန္တိကြာ။ ဟောင်ချင်တတ်ကုန်သခဲ့သို့။ ဒေါသံ။ အပြစ်မှားတတ်သောသူကို။ ဒေါသော။ ပြစ်မှားတတ်သောသူအပေါင်းသည်။ သုဒုဿတိ။ အလွန်ပြစ်မှားချင်တတ်၏။ ။ဤသို့မိန့်အပ်သောအနက်အဓိပ္ပါယ်များကိုရင်း။ နှစ်လုံးထားမိကြကုန်သည်ဖြစ်၍။ သွာကာရဒွါကာရ။ သုဇနဒုဇ္ဇန။ ပဏ္ဍိတဗာလ။ ပုဂ္ဂိုလ်မျိုးစုံ။ သင်္ဃာပုံပရိဿတ်အရပ်ထဲတွင် ဒေါသတုတ်စွဲ၍။ အရပ်နေဗာလတို့ဆဲမဲဟိန်းဟောင်ချင်စရာမနေမိကြရအောင်။ ဝေဝဏ္ဏိယမှိအဇ္ဈုပဂတောတိ။ ပဗ္ဗဇိတေနအဘိဏှံပစ္စဝေက္ခိတဗ္ဗံ။ ဟောတော်မူသဥ္စအတိုင်း။ ငါသည် လူခြင်းမတူ။ အမူကွဲလွဲ။ ဦးပြဲခေါင်းတုံး။ လူထဲ၌ အသုံးမကျစရာ။ အရေမရ။ အနေမလှဖြစ်ချေပြီတကားဟု။ ဒေါသမာန်ကို။ မသိမ်းထားဘဲလျက်။ ငှက်တစ်တယ်တူးကောင်သည်။ တစ်တယ်တူးတစ်တယ်တူးနှင့်။ နားစူးအောင်မြည်လှသောကြောင့် နှုတ်သီးဦးဖျားကို ဖြတ်လှီး၍ထားရာ။ ပဂီဂလာပီဂလာနှင့်။ ရှေးထက်ပင်သာလွန်ကြူး၍။ စွစ်စွယ်စူးစွစ်စွယ်စူးမြဉ်ပြန်သဉ်ဆိုဘိသည့်ပမာ။ ဦးပြဲဂုဏ်သာလွန်ကဲ၍။ ကပ္ပိကာရကတို့ကို မောင်းမဲလိုမောင်းမဲ။ သူတော်ငယ်လူကလေးများကို ရိုက်နှက်အော်အင်။ သင်္ဃာကြီးငယ်များကို။ နှုတ်သီးတစူစူနှင့်။ လူမြင်တိုင်း မုန်းစရာမနေမိကြရအောင်။ ဒေါသမာန်ကို လှီး၍။ သည်းခံခြင်းတည်းဟူသော သမဏခွန်အားနှင့်။ များများကြီးပြည့်စုံကြရအောင်။ ငါသာငါ့ပြင်။ ငါမမြင်ဟု။ ဒရင်တဆူပြုမိမူ။ ထိုသူသူ့အောက်။ နေ့ခြင်းရောက်လိမ့်ဟူသောပေါရာဏပဏ္ဍိတစကားများကိုလည်း သတိထားကြကုန်သည်ဖြစ်၍။ အစွယ်ကျိုးသောမြွေ။ ဉဂြိုကျိုးသောနွား၏အလား။ သင်္ဃာတော်မြတ်များကိုကြောက်ရွံ့ရှိသေသဖြင့်။ ဘုရားတပည့်သာရိပုတ္တရာနေပါကြောင်းနှင့်။ ကောင်းမွန်စွာဘုရားရှင်ထံ။ ဝန်ခံလျှော်ထားသော အရှင်သာရိပုတ္တရာမထေရ်၏။ သင်္ဃာတို့၌ကျင့်သောနည်းများကို။ ကြည်ညိုမြတ်နိုးအတုခိုးကြကုန်သဖြင့်။

ebook is created by www.Sharyoma.Org

သဃ်္ဃာတော်ပုံကြား၌။ ဒေါသတည်းဟူသောမြွေစွယ်တမြှားမြှား။ မာနတည်းဟူသော ဥဂ္ဂြိုတမားမားနှင့်။ မနေမိကြရအောင်။ ကောခံ။ အမျက်ထွက်သောသူကို။ အကောခနေ။ မိမိ က အမျက်မထွက်မှ။ ဇိနေ။ အောင်၏။ ။ဟောတော်မူသည့်အတိုင်း။ မြွေပွေးတို့၏ ရှူးရှူးမြည်၍။ လူကိုချောက်တတ်ခြင်းသည်။ ထိုလူတို့ကိုရန်အောင်ကြောင်း မဟုတ်။ ထိုလူတို့ကသာ။ မြွေဆိုးမှန်းရိတ်မိ၍။ သိသိကျေရိုက်နှက်ခံရစရာအကြောင်းသာဖြစ်သည်များကို။ ထောက်ထားကြသဖြင့်။ ရန်မထောင်မှ ရန်အောင်မည်။ ရန်ထောင်ရန်လှောင်မိတတ်သဉ်။ ရန်မလိုမှရန်ပြိုမည်။ ရန်လိုရန်ပိုတတ်လှသည်ဆိုသည့်အတိုင်း နှစ်လုံးသွင်းကြကုန်သဉ်ဖြစ်၍။ ပရိဿတ်သဃ်္ဃာဘောင်တွင် မိမိစိတ်ယုတ်မာကို လူသိရအောင်။ ဒေါသပါးပြင်းထောင်၍။ မာန်စောင်တရှူးရှူးနှင့်မနေမိကြရအောင်။ ဒေါသဟူသည်မြွေဆိပ်တောက်။ ။ပညာဟူသည် ဆေးဖြင့်လှောက်။ ဆိုဘိသည့်အတိုင်း။ မတော်တဆဖြစ်ပေါ်လှာသော။ ဒေါသမြွေဆိပ်ကို။ အကျိုးအကြောင်း။ ကောင်းစွာဆင်ခြင်။ သိမြင်သောပညာဖြင့်။ နာနာနှိပ်နိုင်။ သိမ်းနိုင်ကြအောင်။ အထူးသတိဆောင်ကြရမည်အကြောင်းများနှင့်။ လေးကြိမ်မြောက်ဩဝါဒစကား။ တရားရေစေတိုက်ကျွေးဆုမ္မလိုက်သည်တရပ်။

သဗြဟ္မစာရီသုဂါရဝတာကထာ၌လည်း။ ။ပဥ္စဟိဘိက္ခဝေဓမ္မေဟိသမ္မနာဂတောအဘဗ္ဗောဣမသ္မိံဓမ္မဝိနယေဝုဍ္ဎိံဝိရုဠိံဝေပုလ္လံအာပဇ္ဇိတုံ။ ကတမေဟိပဥ္စဟိ။ အသဒ္ဓေါဘိက္ခဝေဘိက္ခု။ အဂါရဝေါအပတိဿော။ အဘဗ္ဗော။ ပ ။အဟိရိကော။ အနောတ္တပ္ပီ။ ကုသိတော။ ဒုပ္ပညောအဂါရဝေါအပတိဿောအဘဗ္ဗောဣမသ္မိံဓမ္မဝိနယေဝုဍ္ဎိံဝိရုဠိံဝေပုလ္လအာပဇ္ဇိတုံ။ ဣမေဟိခေါဘိက္ခဝေ။ ပ ။အာပဇ္ဇိတုံ။ ။ဒေသနာတော်ကြာဝတ်မှုံကို။ မြဲမြံစွာ ပန်ဆင်ထုံကြပြီးခါ။ ၎င်းဒေသနာတော်အရ။ သီတင်းသုံးဘော်။ သမဂ္ဂသဃ်္ဃာဆရာသမားတို့၌။ မရှိမသေ မထေလေးစားပြုမှားကျင့်မှားမိသောသူတို့သည်။ ဤသာသနာတော်၌။ အများကြည်ညိုဘွယ်။ ကြက်သရေဂုဏ်ရောင်များနှင့်မကြီးပွားနိုင်။ နွားစားငုတ်တိုဆိုသည့်သစ်ပင်များခဲ့သို့။ ဂုဏ်ကြက်သရေ။ အခက်အရွက်။ မပေါက်မပေါ်။ ရဟန်းစောမန်း။ ရဟန်းပုံဟန်နှင့်ဝေး။ လူမြင်တိုင်းတို့၏ တံတွေးပေါက်ဖြစ်၍နေတတ်သည်ဟု။ ဗျဂ်္ဂတ္တာမိပ္ပါယကို ကောင်းစွာလှလှ။ နေရာကျကျ နှစ်လုံးသွင်းကြကုန်သည်ဖြစ်၍။ သီတင်းကြီးပုဂ္ဂိုလ်တို့ ရှေ့ထံပါး။ လက်အုပ်ချီလျက် ကိုယ်ကိုညွတ်တွားပြားပြားဝပ်၍ သွားလာခြင်းစသော ကာယကံဂါရဝ။ ဦးထိပ်ရွက်ပါသည်ဘုရားစသည်ဖြင့်။ စကားဟူသမျှ၌။ ပါဟူသောစကားလုံးနှင့်တကွ။ အရိုအသေလျှောက်ထားလေ့ရှိခြင်း ဝစီကံဂါရဝ။ အရိုအသေလက်အုပ်ချီလျက် အရိုအသေလျှောက်ထားခြင်း ကာယကံ ဝစီကံဂါရဝတရားများနှင့် ပြည့်စုံကြအောင်။ သလေးစပါးနှံသဉ်အဆန်မရှိခင်။ ထောင်၍နေသော်လည်း။ အဆန်ပြဦ့သောကာလ အဆန်ပြည့်လေလေ အောက်သို့ညွတ်လေလေ ဖြစ်သခဲ့သို့။ ရှေးရှေးငယ်ခါ။ ဗဟုသုတလိမ္မာရေးရာ ပညာမရှိကြမှီကထက်။ ဗဟုသုတလိမ္မာရေးရာ။ ပညာဂုဏ်ရှိကြသည့်အခါတို့၌လည်း။ ဗဟုသုတဂုဏ်အားကြီးလေလေ။ သူတပါးတို့အောက်ရှိသေညွတ်တွားခြင်း ဂါရဝတရား

ebook is created by www.shanhome.Org

အားကြီးလေလေ ဖြစ်အောင်။ ပြုစုရာကောင်းလှပေသည်ဟု။ နှစ်လုံးထားမိကြအောင်။ ဤလောကဌ်လှလှပြောင်ပြောင် ဝတ်စားရအောင်။ ဥစ္စာကိုဆင်းရဲစွာရှာဖွေလုပ်ဆောင်သောသူတို့သည်။ ဥစ္စာများလေတိုင်း များလေတိုင်း။ ဥစ္စာရှိကျိုးနတ်အောင် အဝတ်အစားလှလှပြောင်ပြောင်ဝတ်စားသခဲ့သို့။ ဆရာသမ္မားတို့တရားစကားကြားဘူးနားဝဗဟုသုတ။ ကျမ်းဂန်သင်ကြားဘူးသည့်။ ဗဟုသုတဥစ္စာများလေလေ။ ယင်းဗဟုသုတဥစ္စာ၏ အကျိုးဖြစ်သော။ သက္ကတ္တ။ ဂါရဝသပတိသ၊ စသော သူတော်ကောင်း အမူအရာအရောင်တောက်လေလေ ဖြစ်ကြရအောင်။ လိမ္မာရေးရာ ပညာဂုဏ်။ ဗဟုသုတဂုဏ်ရှိကြသူပုထုဇန်သာမံကိုမဆိုထား။ အာသဝေါကင်းစင်သည့်။ ဗဟုသုတမဟာပညဝန္တ၊ ရဟန္တာသခင်အရှင်များသည်ပင် မိမိထက် သိက္ခာတနာရီမျှကြီးသူ။ အပ္ပသုတပုထုဇန်ရဟန်းအားသော်လည်း။ ရှိခိုးဝပ်ချပြုရသေးသည်များကို ထောက်သဖြင့် မပြောလောက်သည့်။ ပုထဇန်ဗဟုသုတပညာဂုဏ်အနည်းငယ်မျှနှင့်။ ရဟန္တာအရှင်ထက်။ ဂုဏ်ရောင်ထ၍။ နေဘိသည့်အလား။ မိမိထက်သိက္ခာဝါ တမနက်တရက်စသည်ကြီးသောပုဂ္ဂိုလ်များဌ်သော်လည်း။ နဖူးမြေကျ ဝပ်ချရှိခိုး မပြုနိုင်ဘဲ။ မရှိကြရအောင်။ များများကြီးသတိဆောင်ကြရမည်အကြောင်း။ အဂါရဝအခြင်းအရာ။ အထက်မထေရ်ကြီးများတို့။ အနီးအပါးတင်ပြင်ခွေ။ ဆောင့်ချောင့်ထိုင်ဒူးထောင်၊ ပေါင်ကား၊ အလျားမှောက်၊ ခြေကိုဆင်း။ အင်းသော အိမ်းသော။ အဂါရဝ၊ အမူအရာများကို။ မဖြစ်စေမိကြရအောင်။ မိမိအောက်ငယ်သောသူတို့အားသော်လည်း။ ကာမဘောဂီလူတို့ခဲ့သို့။ နင်၊ ဟယ်၊ မင်း၊ ငါ၊ စသည်ခေါ် ဝေါ် ပြောဆို လူငယ်တို့က။ မရှိသေနိုင်ချင်စရာ။ အဂါရဝအမူအရာတို့ကို။ မဖြစ်ကြစေဘဲ၊ ယင်းသတင်းငယ်များကိုသော်လည်း၊ သိက္ခာပုဒ်တော်နှင့်မလျော်သည့်။ အဥ္စလီကမ္မ၊ ဝန္ဒနအရများကိုသာလုပ်ထား၍။ ရှိသေထိုက်သမျှကို။ ရှိသေမိကြရအောင်။ သာသနာတော်ပတိတ္တိယတို့သော်လည်း။ မိမိတို့တိတ္ထိဆရာကြီးတို့၏ ခြေကို ဆံပင်ဖြင့် ပွတ်တိုက်ရှိခိုးဝပ်ချပြုကြသေးသည်များကို ထော်ရှု၍။ မိမိတို့၏ နိသျည်းဆရာ။ ဥပဇ္ဈယ်ဆရာကြီးတို့ဌ်။ အဂါရဝအမူအရာများကို၊ တရံတဆစ်မဖြစ်စေဘဲ။ အမြဲအထူးချစ်ကြောက်ကြည်ညို၊ ရှိသေမေတ္တာ၊ တပည့်အင်္ဂါစုံလင်စွာနှင့်။ ဆရာဥပဇ္ဈာယ်တို့၊ ကြည်ညိုဘွယ်နှစ်သက်ဘွယ်ကို အမြဲဆောင်၍။ ကောင်းမွန်စွာ နေမိကြရအောင်။ ဟိမဝန္တာမြိုင်၏ အတွင်း။ ရောင်ဆင်းလှလှ၊ အကကောင်းကောင်း၊ ရွှေဥဒေါင်းကို၊ ဘုရားလောင်းရွှေဟင်းသာမင်းက၊ ရွှေအဆင်းရှိသော မိမိ၏ သမီးချောနှင့်၊ ထိမ်းမြန်းလက်ထပ်မည်မင်္ဂလာပွဲကျင်းရာ။ ဟင်းသာမင်းရှေ့မျက်မှော်တွင်။ ဖင်စရှိအကုန်မြှော်၍၊ ဝမ်းမြော်ဝမ်းသာကမိသည့်အတွက်။ ဤမျှလောက်အရှက်အကြောက်လွတ်ကင်းသော၊ ဥဒေါင်းငှက်ဖျင်းအား၊ ငါ၏ သမီးချောနှင့်မတံဟု၊ သမီးကို မပေးမနှံဘဲ၊ ဆိုမြဲဆံမဲ၍သာ၊ လွတ်လိုက်လေဘူးသောဇာတ်တော်လာ ဝတ္ထုထုံးများကိုလည်း။ နှစ်လုံးထားကြကုန်သည်ဖြစ်၍။ သီတင်းသုံးဘော်ဆရာသမ္မားတို့ မခြီးမြှောက်လို။ မကြည်ညိုနိုင်ကြောင်း။ သာသနာတော်ဌ် မကြီးပွားနိုင်ကြောင်း။ အလွန်မကောင်းသော။ အဂါရဝ၊ အဟိရိက။ အနောတ္တပ္ပ၊ အမူအရာများကို။ တရံတဆစ် မဖြစ်စေမိကြရအောင်၊ အမြဲသတိဆောင်

ebook re-created by www.ShweYoma.Org

ကြရမည်အကြောင်းများနှင့်။ ငါးကြိမ်မြောက်သြဝါဒစကား။ မှာကြားဆုမ္မလိုက်သည်တရပ်။

သဗြဟ္မစာရီ သုမေတ္တာဖရဏီယအရဏဝိဟာရီကထာ၌လည်း။ ။နပရေသံဝိလောမာနိ။ နပရေသံကတာကတံ။ အတ္တနောဝအဝေက္ခေယျ။ ကတာနိအကတာနိစ။ ။ဟူသောပါဠိတော်ဖြင့်။ ဝဲသြဃအမော်တွင်။ သူတပါးတို့လျှောကို။ မနေနိုင်မျှော်၍ စီရင်ပြောဆိုမိသည်အတွင်း။ မိမိလှေတစီးလုံး နစ်၍သွားလေသည်ပမာ။ သူတပါးတို့၏ အပြစ်ဒေါသကို မနေနိုင်။ အပြစ်တင်မိရှုမိသည်အတွက်။ မိမိ၌ ဒေါသမီးဖျက်ဆီး၍ ဓမ္မန္တရာယ်ကြီးဖြစ်တတ်သောကြောင့်။ သူတပါးတို့၏ အပြစ်ကိုမရှု။ မိမိ၏ အပြစ်ကိုသာကောင်းစွာရှု၍နေကြရမည်။ ဟောတော်မူသည်များကိုရင်း။ ။ပရဝဇ္ဇာနုပဿိဿ။ နိစ္စံဥဇ္ဈာ နသညိနော။ အာသဝါတဿဝဍ္ဎန္တိ။ အာရာသောအာသဝက္ခယာ။ ။ဟူသောပါဠိတော်ဖြင့်။ သူတပါးတို့ကို ပြစ်တင်ကဲ့ရဲ့၊ အရှဲ့တစောင်း။ မကောင်းကြံစည်။ ဆိုမြည်မိခြင်းကြောင့်။ သူတပါးတို့မှာ မထောင်းတာ။ မိမိတို့သာလျှင်။ နိဗ္ဗူတာအောင်ရပ်နှင့်ဝေး၍။ သံသရာဘေး တွေ့ရတတ်ကြသည်ဟု ဟောတော်မူသည်များကိုရင်း။ ။ရဟောဝါဒံနဘာသေယျ။ နသမုခါခိဏံဘဏေ။ အတရမာနောဝဘဏေယျ တရမာနောစနောဘဏေ။ ။ဟူသောပါဠိဖြင့်။ သူတပါးတို့အား မျက်ကွယ်တစောင်း ချောင်းမြောင်းကဲ့ရဲ့။ သူ့ရှေ့တဲ့တဲ့တွင်လည်း။ သူမခံချင်အောင် ရှုပ်ချ။ ကျိုးကြောင်းကာရဏကို မဆင်ခြင်။ မပြစ်တင်စေ။ အလျှင်အမြန်ကဲ့ရဲ့ပြောဆိုခြင်းကိုမပြုကြဘဲ၊ မိမိ၏ အပြစ်ကိုသာ အမြဲရှု၍နေကြမှ၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစွာနေရသည်ဟု။ အရှင်သုဘူတိမထေရ်မိန့်အပ်သော စိုးရိမ်ကြောင့်ကြကင်း၍၊ရှင်းရှင်းလွတ်ချမ်းသာစွာနေရသော အရဏဝိဟာရပဋိပဒါအကျင့်များကိုရင်း။ ။ကဲ့ရဲ့ရှုံ့ရှာဘွယ်သောပုဂ္ဂိုလ်များကိုပင် ထင်ရှားမြင်သော်လည်း။ မှော်အတိဖုံးအုပ်သော ရေကန်၌။ မှော်ကိုလှဲ၍ရေကိုသောက်သောသူ၏ပမာ။ မတော်သော အပြစ်ကို လျစ်လျူရှု၍။ ထိုပုဂ္ဂိုလ်၌ ကြည်ညိုစရာ တစုံတခုကို ရှာ၍ ကြည်ညိုရမည်ဟုအရှင်သာရိပုတ္တရာမထေရ်ဆုမ္မအပ်သော။ အာဃာတဝိနယသြဝါဒများကိုရင်း။ ။ကိလေသာမာန်ညှင်းဆဲတိုက်တွန်း၍။ မမှားတန်မှားသဖြင့်၊ အပါယ်လားရရှာလတ္တံ့ဖြစ်သသော၊ ကောဓနပုဂ္ဂိုလ်တို့ကိုမျက်မှောက်မြင်ရသည့်အခါ။ ဂဋ္ဌုန်လက်ဝယ်နဂါး။ ခြင်္သေ့လက်ဝယ်သား။ ကျားခံတွင်းဝယ် ချေသမင်။ ယုန်သူငယ်တို့ကို မြင်ရသည့်အခါများ၌။ ထိုဘေးကြီးရောက်သောသတ္တဝါတို့အား။ သနားကယ်ဆယ်နိုင်လျှင်လည်း။ ကယ်ဆယ်ရသည်။ မကယ်ဆယ်နိုင်လျှင်လည်း။ ထိုကျား ခြင်္သေ့ ဘေးများမှ ဝေးဝေးကြီး လွတ်အောင်။ ကိုယ်လွတ်ရှောင်ပြေးသွားရသည်။ ယင်းနည်းအတူ ထိုမသူတော်ပုဂ္ဂိုလ်တို့အား။ တရားအမြိုက်တိုက်ကျွေးကယ်ဆယ်နိုင်လျှင် သနားသဖြင့် ကယ်ဆယ်ရသည်။ မကယ်ဆယ်နိုင်လျှင်လည်း။ ထိုပုဂ္ဂိုလ်တို့အား။သနားခြင်းကရုဏာမေတ္တာစိတ်ကို နှံ့စေလျက်။ မိမိကိုယ်ကိုသာ။ ယင်းသို့သော မသူတော် အလဇ္ဇီအကျင့်တည်းဟူသောမာရ်မင်း၏လက်သို့ မရောက်ရအောင် အထူးသတိဆောင်အပ်သည်သဘောများကိုရင်း။ ။အသူတရာနက်လှစွာသောချောက်ကမ်းပါး၌၊ ခင်း၍ ထားအပ်သော တဘဝါးမျှ နင်းလောက်သော သစ်ပျဉ်သစ်တုံး

ebook is created by www.Shandomain.Org

ကို ရှောက်၍သွားရသောသူသည်။ အရပ်တပါးကိုမျှော်၍ မကြည့်ဘဲ။ မိမိရှောက်အပ်သောသစ်ပျဉ်ချပ်ကိုသာ။ ကြပ်ကြပ်စည့်စည့်ကြဉ့်၍ သွားနိုင်မှ၊ ချောက်ထဲသို့ချော်၍ မကျ။ မသက်ချမ်းသာရသခဲ့သို့။ သံသရာချောက်ကမ်း။ နိဗ္ဗာန်လမ်းသို့ ကူးသန်းသွားကြရသော သူတို့သည်လည်း။ သူတပါးတို့၏အပြစ်ကို မော်၍မကြည့်ဘဲ။ မိမိ၏သွားလာရာ။ သမထဝိပဿနာနိဗ္ဗာန်လမ်းကိုသာ။ ဖြောင့်တန်းစွာ ကြည့်ရှုသွားလာရမဉ်ဟု။ ကေပတိကသေတုပမာဖြင့်။ ကောင်းစွာဟောကြားတော်မူအပ်သော၊ မူလပဏ္ဏာသကျမ်းထွက် ဘုရားရှင်အမိန့်တော်အချက်များကိုဂုဏ်း။ ။ မျှားမျှားကြီး နှစ်လုံးထားကြကုန်သည်ဖြစ်၍။ သူတပါးတို့၏ အပြစ်ကို နှစ်လုံးမသာမယာမကဲ့ရဲ့ဘဲ။ မိမိတို့၏ အပြစ်ကိုသာ အခါခါရှု၍။ မိမိကိုယ်ကိုသာ သူတပါးတို့ အပြစ်တင်စရာ မပေါ်လှာရအောင်။ သတိအထူးဆောင်၍ ကောင်းမွန်စွာ နေထိုင်ကြရမည့်အကြောင်းများနှင့်။ ခြောက်ကြိမ်မြောက်သြဝါဒစကား။ တရားရေစေတိုက်ကျွေးဆုမ္မလိုက်သည်တရပ်။

သေဝိ တဗ္ဗ မိတ္တကထာ၌လည်း။ ။သတ္တဟိဘိက္ခဝေ အင်္ဂေဟိ သမ္မနာဂတော မိတ္တော သေဝိတဗ္ဗော။ ကတမေဟိ သတ္တဟိ။ ဒုဒဒံဒဒါတိ။ ဒုက္ကရံကရောတိ။ ဒုက္ခမံခမတိ။ ရှုဋ္ဌဿ အာဝီကရောတိ။ ဂုယှဿ ပဋိဂုယှတိ။ အာပဒါသုနဝိဇဟတိ။ ခိဏေနာတိ မညတိ။ ဣမေဟိ။ လ။ သေဝိတဗ္ဗောတိ။ ။ပါဠိတော်၏ အရ။ မိတ်ဆွေခင်ပွန်းချင်းတပါးသည်တပါးအား။ ပေးလှူနိုင်ခဲ့သောဝတ္ထုကို ပေးလှူနိုင်ရခြင်း။ မရှုံမရှာမမောမပမ်းပြုစွမ်းနိုင်ခဲသောအမှုကိစ္စကို ပြုစွမ်းရွက်ဆောင်နိုင်ခြင်း။ သည်းခံနိုင်ခဲသောအရာများကိုသော်လည်း။ မေတ္တာမပျက်သည်းခံနိုင်ခြင်း။ တပါးသည် တပါး၏ဂုဏ်ကျေးဇူးကို သိတင်းသုံးဘော်တို့အား။ ထင်ရှားအောင် ပြောကြားလေ့ရှိခြင်း။ တပါးသဉ် တပါး၏ အပြစ်ကို မျက်ကွယ်တစုံတခုသောအရပ်တို့၌ သူတပါးတို့အား။ ပြောကြားလေ့မရှိခြင်း။ ဘေးရန်ရောက်သည့်အခါ၌။ တယောက်ကိုတယောက် အရပ်တပါးစွန့်၍ မသွားခြင်း၊ ဥစ္စါကုန်ခမ်းဂုဏ်ညှိုးနွမ်းသော်လဉ်း။ တပါးသည်တပါးအား မထီလေးစားမပြုခြင်း ဟုဆိုအပ်သော။ သေဝိတဗ္ဗဗန္ဓဝမိတ္တာအင်္ဂါခုနှစ်ပါးတို့နှင့်။ ပြည့်စုံအောင်ပြု၍။ သမဂ္ဂသင်္ဃာချင်းတို့ချင်း၊ ဒဠ္ဍမိတ္တာ၊ ဒဠ္ဍဗန္ဓဝ၊ ဖြစ်ကြရအောင်၊ ယင်းခုနှစ်ပါးတို့တွင်မှလည်း။ မိတ်ဆွေခင်ပွန်းခြင်းတပါးသည်။ တပါး၏ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိခြင်း။ တပါးသည် တပါး၏အပြစ်ကို မျက်ကွယ်တစောင်းမကောင်းပြောဆိုလေ့မရှိခြင်းဟုဆိုအပ်သော။ မိတ္တာအင်္ဂါနှစ်ပါးနှင့်ကား၊ အထူးအားဖြင့်လွန်စွာပြည့်စုံကြအောင်။ သတိအထူးဆောင်ကြရမည်အကြောင်းများနှင့်။ ခုနှစ်ကြိမ်မြောက်သြဝါဒစကား။ မှာကြားဆုမ္မလိုက်သည်တရပ်။

သဗြဟ္မစာရီသုပဋိသန္ထာရေဂါရဝတာကထာ၌လည်း။ ။သဗြဟ္မစာရီသုမေတ္တာပုဗ္ဗင်္ဂမံဟောတိ။ အာဝီစေဝရဟောစ။ သဗြဟ္မစာရီသုမေတ္တာပုဗ္ဗင်္ဂမံဝစီကမ္မံဟောတိ။ အာဝီစေဝရဟောစ။ သဗြဟ္မစာရီသုမေတ္တာ ပုဗ္ဗင်္ဂမံမနောကမ္မံဟောတိ။ အာဝီစေဝရဟောစ။ ။ဟူသောသာရဏီယ ဓမ္မပါဠိတော်လာတိုင်း။ သမဂ္ဂသင်္ဃာကြီးငယ်တစုတို့အား။ မျက်မှောက်မျက်ကွယ်သနားခြင်း မေတ္တာကရုဏာသက်ရောက်စေကြပြီးလျှင်။ ။ခိလဗန္ဓေနပါသာဒေါ။ ကုသ္လော

ebook is created by www.ShanYoma.Org

ယောတ္တေနသုဋ္ဌုနာ။ သန္ဓာရာသမင္ဂေသံဃော။ စီရံတိဋ္ဌတိနိစ္စလော။ ။ဟူသောဂါထာဖြင့် ။ ပါသာဒေါ။ ရွှေ၊ ငွေ၊ မြ၊ စိန်၊ ထိန်တညီးညီး ပြသာဒ်ကြီးသည်။ ခိလဗန္ဓေန။ ကြီးကြီးငယ်ငယ်။ အသွယ်သွယ်သော။ သန်မယ်နအဖွဲ့ဖြင့်ရင်း။ ကုလ္လော။ စပါးဆန်လှောင်အကျိုးဆောင်သည့်ဝါးဘောင်သစ်ဘောင်သည်။ ။ကုလ္လသဒ္ဒါ၏ ပုလ္လိင်လည်းရှိသည်၏ အဖြစ်သည်။ မူလပဏ္ဏာသအဋ္ဌကထာ၌ထင်ရှားလေပြီ။ ။ယောတ္တေနသုဋ္ဌုနာ။ မြဲမြံဖွဲ့ထားလွန်ကြိုးများဖြင့်ရင်း။ စီရံ။ ရှည်မြင့်စွာ။ နိစ္စလော။ ပြင်းစွာခပ်လှိုင်း။ မုန်တိုင်းလေကြမ်း။ ရေတိုက်လှမ်းသော်လည်း လှုပ်ရှားမယိုင်။ ကြံ့ကြံ့ခိုင်သည်ဖြစ်၍။ တိဋ္ဌတိ။ တည်တံ့နိုင်၏။ သမင္ဂေါသံဃော။ သီလသမာဓိ။ စရှိထိုထို။ မြတ်ကုသိုလ်ဂုဏ်အင်ကြောင့်။ အလွန်လျှင်ကြည်ညိုစလောက်ကြသော။ လဇ္ဇီသိက္ခာကာမသမဂ္ဂသင်္ဃာတော်အပေါင်းသည်။ သန္ဓာရာသန္ဓာရေန။ ချင်းတို့ချင်းချင်း။ မေတ္တာရှေ့ခင်း၍။ ပဋိသန္ဓာရကို ပြုဖန်များကြခြင်းဖြင့်။ နိစ္စလော။ မလိမ္မာသူအောက် လူငယ်တို့၏ အကျိုးလိုဟန် တန်တန်ပြောကြား ရန်တိုက်စကားကြောင့် လှုပ်ရှားရောက်ရက်မရှိသည်ဖြစ်၍၊ တိဋ္ဌတိ။ ရွှေ၊ ငွေ၊ မြ၊ စိန်၊ ထိန်တညီးညီး ပြဿဒ်ကြီးနှင်နှင်၊ ထက်ဝန်းကျင်သူအပေါင်းတို့၏ ခိုမှီရာဖြစ်၍ တည်တန့်နိုင်၏ ။ ။ဤသို့ပြအပ်သော ပဋိသန္ဓာရဝတ္တ၏ အကျိုးစီးပွား အလွန်ကြီးမားသည်များကိုရင်း။ ။ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတဗဟုလာဘဝိဿန္တိ။ တာဝိကဝဉ္စ ဘိက္ခဝေ ဘိက္ခူနံ ဝုဍ္ဎိယေဝပါဋိကင်္ခါ။ နောပါရိဟာနိ။ ။ပါဠိတော်မြတ်အတိုင်း ဝေသာလီပြည်။ ဝဇ္ဇီမင်းတို့ချင်း တို့ချင်း စည်းဝေးတိုင်ပင်ခြင်း ပဋိသန္ဓာရများသဖြင့်။ အဇာတသတ်မင်းကြီး ဖျက်ဆီးလုပ်ကြံခြင်းငှာ။ မတတ်နိုင်၍။ ဝေါဿကာရပုဏ္ဏား ကိုယ်တိုင်သွားသဖြင့်။ ဝဇ္ဇီမင်းသားတို့အလယ်ကြား၌ ရန်တိုက်စကား အဖန်ဖန်ပြောကြားသည့်အခါ။ ဝဇ္ဇီမင်းသားတို့ချင်း ယုံမှားမကင်း စည်းဝေးတိုင်ပင်ခြင်း၊ သန္နိပါတဗဟုလအပရိဟာနိယတရားပျက်ပြားခြင်းကြောင့်။ ဝေသာလီပြည်ထဲကို ကျားရဲတွေ ဝင်သည့်ပုံ။ တတိုင်းလုံး သိမ့်သိမ့်တုန်။ မီးပြာပုံဖြစ်၍ ဝေသာလီနဂရ၏ အဝေသာလီဖြစ်ရသည်များကို။ များများကြီး သတိရကြကုန်သည်ဖြစ်၍ရင်း။ ။အဓိကရဏကာရက၊ ဝိဝါဒကာရက၊ ဘဿကာရက၊ ဖြစ်သော မလိမ္မာသူအောက် လူငယ်တို့၏ ပေသုညစကားများနှင့်။ ချင်းတို့ချင်း ယုံမှားမကင်း စိတ်၏ကွဲပြားခြင်း မဖြစ်ကြစေခြင်းငှာ။ နာယကပုဂ္ဂိုလ်ချင်းချင်း မကြာမကြာ တိုင်ပင်စည်းဝေး။ တလလျှင်းလေးသတင်းတရားဟောစည်းဝေးမြဲဝတ်လည်း မပြတ်စေရ။ ဓမ္မကထိကဆရာတို့ကလည်း။ စွမ်းအားရှိသမျှ ကြိုးစားအားထုတ်၍ ဟောပြော။ တရားနာ ဓမ္မပဋိဂ္ဂါဟက ဆရာပုဂ္ဂိုလ်တို့ကလည်း ထောင်တန်တဆယ်။ ရာတန်တဆယ်။ ဝယ်သူကရှား၊ ရောင်းသူကများ။ ဘယ်မင်း ဘုရား ဈေးပေနည်း။ ဆိုကြသည့်ပေါရာဏစကားအတိုင်း။ အရာအထောင်မက အဘိုးအနဃ်ဖြစ်သော တရားစကားကို။ ပန်းတပွင့်မျှ ပူဇော်ရန်မပါဘဲ။ သက်သက်မီသာတရားနာကြရပါလျက်။ အဖျင်းတရားဝင်ဖျက်၍။ တရားနာဝတ်မပျက်စေရ။ သူ့ထက်ငါနောက်မကျ။ ရွာသူသားယ်တို့ ကာမဂုဏ်ရွာပွဲကို။ တသဲသဲလိုက်ဘိကြသည့်အလား။ တပါးမကျန် ညီညာဖြဖြ။ တရားနာလိုက်

ebook is created by www.shanjomo.Org

ကြခြင်း။ ဓမ္မကထိပုဂ္ဂိုလ်တို့ကလည်း။ အရှင်ပုဏ္ဏ၊ အရှင်စုန္ဒ၊ အရှင်သောဏ၊ မထေရ်တို့၏ တရားစကားကို။ ဘုရားရှင်ကိုယ်တော်တိုင်။ နာတော်မူသဉ်များကို ထောက်ထား၍။ ကြားဘူးသိဘူးပြီးသော တရားကိုသော်လည်း။ တရားတော်ကို ရှိသေခြင်း။ သင်္ဃာတော်အစည်းအဝေးညီညွတ်ခြင်းကို နှစ်လုံးထား၍။ မိမိတို့ဟောရရုံနှင့်မျှ တင်းမတိန်အားမရသေးဘဲ။ အခြားပုဂ္ဂိုလ်တို့အလှည့်ကျ တရားဟောရာ၌လည်း စွမ်းနိုင်သည့်အခါ။ အများနည်းတူ ကိုယ်တိုင်လိုက်၍ တရားနာခြင်း။ မိမိတို့တပည့်သင်္ဃာများကိုလည်း မကျန်မကြွင်းတရားနာလိုက်မိကြအောင်။ ကြပ်မနိုးဆော်ခြင်း။ ပါဠိအဋ္ဌကထာတို့ကို မပြတ်မလတ်သင်ကြားပို့ချခြင်းဟူသော ဓမ္မပဋိသန္ထာရ။ ချင်းတို့ချင်း အထိုက်အလျောက် ချီးမြှောက်လှူဒါန်းပေးကန်းလေ့ရှိခြင်း။ အာမိဿပဋိသန္ထာရ တပါးသည်တပါးထံ လှည့်ပတ်သွားလာတိုင်ပင်ပြောဆိုခြင်းဟူသော ဝစနပဋိသန္ထာရအားဖြင့်။ သုံးပါးသောပဋိသန္ထာရအရာများကို။ မလပ်မလျား သတိအထူးထားကြကုန်သဖြင့်။ ယင်းဆိုအပ်ခဲ့ပြီးသဉ်နည်းအတိုင်း၊ ပဋိသန္ထာရေ ဂါရဝတာ အပရိဟာနိယတရားနှင့်ပြည့်စုံကြအောင်။ များများကြီးနှစ်လုံးထားကြရမည့်အကြောင်းများနှင့်။ ရှစ်ကြိမ်မြောက်ဩဝါဒစကား။ မှာထားဆုမ္မလိုက်သည်တရပ်။

ဝတ္တာနုဝတ္တပူရဏကထာ၌လည်း။ ။ဥပဇ္ဈာယေနဘိက္ခုဝေဘိက္ခုနာသဒ္ဓိဝိဟာရိကမှိပုတ္တစိတ္တံဥပဋ္ဌပေတဗ္ဗံ။ သဒ္ဓိဝိဟာရိကေနာပိ ဥပဇ္ဈာယမှိ ပီတုစိတ္တံဥပဋ္ဌပေတဗ္ဗံ။ ။ပါဠိတော်အရ။ ။ဆရာတပည့်နှစ်ပါးတို့၏ တပါးသည် တပါးအား ပြုသင့်ပြုထိုက်သောဝတ်နိပါတ်ကို ပြုမိကြသဖြင့်။ သားနှင့်အဘတို့ကလောက်။ မေတ္တာရောက်၍နေကြမှ။ တပါးသည် တပါးအား မစွန့်ပစ်ထွဲနိုင်ဘဲ။ သည်းခံနိုင်ခဲ့သော အသပ္ပါယအရာကို သဉ်းခံသဖြင့်၊ ဆရာတပဉ့်နှစ်ပါးမကွဲမပြား။ သာသနာတော်၌ ကြီးပွားခြင်းသို့ ရောက်ကြပါစေ။ မဟာကရုဏာမိုးဆံးစွေတော်မူသည်ဖြစ်၍။ ဆရာတပည့်နှစ်ယောက်။ သားအဘတို့ကလောက်၊ မေတ္တာရောက်နိုင်ကြစရာအကြောင်းဖြစ်စေခြင်းငှာ။ ဝတ်ကြီးဝတ်ငယ်အရာကို။ ဘုရားခွင့်ပြုတော်မူသည်၏ အဖြစ်ကိုရင်း။ ။သည်မှတပါး။ ။ဝတ္တံအပရိပူရေန္တော။ သီလမ္ပိနပရိပူရတိ။ ။ပါဠိဂါထာလာတိုင်း။ ဆရာတပည့်တို့ချင်း ပြုသင့်ပြုထိုက်သော ဝတ်ပျက်သဖြင့်၊ ဝတ္တံဘေဒဒုက္ကဋ်သင့်တတ်သည်များကိုရင်း။ ။နှစ်လုံးထားကြကုန်သဖြင့်။ ဆရာတပည့်နှစ်ပါးတို့ အချင်းချင်းပြုသင့်ပြုထိုက်သော။ ဝတ်ကြီးဝတ်ငယ်အရာများကို မလစ်မလပ် ပြုမိကြအောင်။ ဆရာဖြစ်သူတို့ကလဉ်း။ ဤတပည့်တို့သဉ်။ အလွန်ချစ်ခင်လှသော။ မွေးသဉ့်မိခင်မွေးသဉ့်ဘခင်တို့နှင့်တကွဆွေမျိုးညာတကာ၊ ရပ်ရွာဒေသကို စွန့်ပစ်၍။ ငါ၏ထံမှာ၊ ငါ၏မျက်နှာကိုသာမျှော်ရှု၍။ ငါ့ကိုယ်သာ ကိုးကွယ်ရာ ပြုသဖြင့်။ နေထိုင်လှာရှာကြသည်တကားဟု၊ သနား ရှေးရှုမေတ္တာမူ၍။ ကြည်ဖြူမျက်နှာ၊ ချိုသာစကား။ နုဂ္ဂဟနှစ်ပါးဖြင့် ချီးမြှောက်မစ၍။ ဆရာက ပြုသင့်သည့်ဝတ်အရာများကိုလည်း၊ သနားသမှု ပြုမိကြအောင်။ တပဉ့်ဖြစ်သူတို့ကလည်း။ ။ဗဟိဒ္ဓါတိတ္ထိယာဇ္ဈေတ္တာဒါပေန္တာ ဝကဟာပဏံ။ အနိယျာနံအပ္ပဃ်မ္ပိ၊ သိပ္ပံဂါဟေန္တိသဗ္ဗဒါ။ ။သာသသနေသ

ebook created by www.ShweYoma.Org

ကျပုတ္တာတု။ သိဿာနံဒါယကာသဒါ။ နိယျာနိကံမဟဿမ္ပိ။ သိပ္ပံဂါဟေန္တိသာခုကံ။ ။ဇေ၀ံ စိတ္တံပသာဒေန္တော။ ကတညုကတဝေဒိကော။ အာစေရဿဝတ္တာဝတ္တံ။ သဗ္ဗဒါပုရယေမုနိ။ ။ ပါဠိဂ္ဂါထာဖြင့်။ ဧတ္ထော။ ဤဘေးကင်းချမ်းသာမြေစွာသော သာသနာတော်မှ။ ဗဟိဒ္ဓါ။ လွှင်ဗာဟီရဘေးအဝတို့၌၊ တိတ္ထိယာ၊ ဝါဒကွဲသူအယူတိမ်းပါးတိတ္ထိများတို့သည်၊ ကဟာပဏံ။ လခရိက္ခာအသပြာဒင်္ဂါးကို ဒါပေန္တာ။ စာသင်တပည့်တို့က။ မိမိတို့အား။ ပေးစေကုန်သည်ဖြစ်၍။ ဝါ။ အခယူကြကုန်သည်ဖြစ်၍။ အနိယျာနံ။ ဝဋ်ဆင်းရဲမှမထုတ်နိုင်သော။ အပ္ပဃမ္ပိ၊ အဘိုးအထိုက်သည်လည်းဖြစ်သော။ သိပ္ပံ၊ မိစ္ဆာဒိဋ္ဌိကျမ်း၊ လောကီကျမ်းအတတ်များကို။ ဂါဟေန္တိ။ ပို့ချကြကုန်၏။ ဧတ္ထော။ ထိုမိစ္ဆာဒိဋ္ဌိ။ ဘေးကြီးထိရာ ပူပြင်းလှစွာသောအရပ်မှ။ ဗဟိဒ္ဓါ။ ဘေးကင်းချမ်းသာလွှင့်စင်ရာဖြစ်သော။ သာသနေ။ ဘုရားရှင်သာသနာတော်၌။ သကျပုတ္တာ။ သာကီဝင်မင်းတရား။ ဘုရားသားတော်တို့သည်။ သိဿာနံ။ စာသင်တပည့်တို့အား။ ဒါယကာ။ သပိတ်သက်န်းစွမ်းအားအလျောက်။ ကိုယ်ကချီးမြှောက်ပေးကမ်းတော်မူကြပေကုန်သည်ဖြစ်၍။ နိယျာနိကံ။ ပစ္စုပ္ပာန်သံသရာ။ ဘေးရောမှလွှယ်ကာထုတ်ဆောင်နိုင်သော။ မဟဿမ္ပိ၊ အဘိုးအနဃထိုက်သည်လည်းဖြစ်သော။ ထိုက်လှပေသော။ သိပ္ပံ။ သိမ်မွေ့နက်နဲ။ ခက်ခဲဆန်းကြယ်။ သုံးသွယ်ပိဋကတ်၊ ယင်းအတတ်ကို။ သာခုကံ။ မငြီးမငြူကြည်ဖြူကောင်းမွန်စွာ။ ဝါ။ နေရာကျကျ။ ဓိပ္ပါယ်ပြ၍ကောင်းမွန်လှစွာ။ ဂါဟေန္တိ။ ပို့ချတော်မူကြပေကုန်၏။ ဧဝံ။ ဤသို့နှင်နှင်။ အသင့်ဆင်ခြင်သောအားဖြင့်။ စိတ္တံ။ ကျေးဇူးမသိ။ ပြင်းရိနောက်ကြု။ ဝတ်မပြုလိုသောစိတ်ကို။ ပသာဒေန္တော။ ပြင်းရိမယှဉ်။ လွန်ကြည်လင်စေသည်ဖြစ်၍။ ကတညု။ နုဂ္ဂဟနှစ်ပါးဖြင့်။ မြှောက်စားဘူးသောဆရာရှင်၏။ ကျေးဇူးကိုသိတတ်သော။ ကတဝေဒိကော။ ဆရာပြုဘူး၊ ယင်းကျေးဇူးကိုအထူးဆတ်လိုသော၊ မုနိ။ ကျိုးကြောင်းသိတတ် တပည့်မြတ်ဟူ။ ရှင်လူရဟန်းအပေါင်းသည်။ အာစေရဿ။ နုဂ္ဂဟနှစ်ပါး။ မြှောက်စားချီးမြှင့်ပေသော။ ဆရာသခင်ကျေးဇူးရှင်အား။ ဝတ္တာဝတ္တံ။ ရေပူရေချမ်း။ ကမ်းလှမ်းလုပ်ကျွေး။ ယင်းဝတ်ပြုခြင်းအရေးကို။ သဗ္ဗဒါ။ အခါမပြတ်။ ပုရယေ။ ဖြည့်ကျင့်ရာ၏။ ဖြည့်ကျင့်ထိုက်လှ၏။ ဖြည့်ကျင့်သင့်၏။ ဖြည့်ကျင့်ကြရမည် ဖြည့်ကျင့်ကြလေမင်း။ ။ဤသို့မိန့်အပ်သော အနက်အဓိပ္ပါယ်များကိုဖွင်း။ ။ဘဋ္ဌောဘဋ္ဌေနဘတ္တာရံ။ သာမိကံနာရီရူပတော။ သိဿောဝတ္တေနအာစေရံ။ အတ္တမ္ပိတောသနံဇနေ။ ။ ဟူသောဂါထာဖြင့်။ ။ဘဋ္ဌော။ မင်းခယောကျ်ား သူခစားသည်။ ဘဋ္ဌေန။ ရှိသေဝပ်တွား။ နေ့စဉ်မပြတ် အမြဲခစားခြင်းဖြင့်။ ဘတ္တာရံ။ အသက်သခင် ထမင်းရှင်ကို။ အတ္တမ္ပိ၊ မိမိ၌။ တောသနံ။ နှစ်သက်ခြင်းကို၊ ဇနေ၊ လစားရိက္ခာ မှန်မှန်ကျွေး၍။ ရာထူးဌာနံ မြန်မြန်ပေးအောင်ဖြစ်စေနိုင်၏။ နာရီ၊ အိမ်သူမိန်းမသည်၊ သာမိကံ။ အိမ်သားသခင်။ ချစ်သဉ်လင်ကို ရူပတော။ ရူပေန ရုပ်ရည်ရောင်ဆင်းလှပတင့်တယ်ခြင်းဖြင့်။ ဝါ။ တန်ဆာဆင်ပြင် ကိုယ်သန့်စင်၍။ ရှုချင်ဘွယ်သောအဆင်းဖြင့်။ အတ္တမ္ပိ မိမိ၌။ တောသနံ။ မရိုက်ထဲချင်။ မဆိုတဲ့ရက်လွှန်နှစ်သက်ခြင်းကို။ ဇနေ။ ဖြစ်စေနိုင်၏။ သိဿော။ ပညာရင်နို့သော်စို့ရသောတပည့်သည်။ အာစေရံ။ ပညာနို့

ebook is created by www.ShanYoma.Org

တိုက်။ ကျေးဇူးသိထိုက်လှပေသော ဆရာမြတ်ကို။ ဝတ္တေန၊ နေ့ညဉ့်မဆို ဆရာရှင်အလိုရှိအပ်သောဝတ်ပြုခြင်းဖြင့်။ ဝါ။ ဆရာအကြိုက်အလိုက်သိစွာ ခါခါပြုအပ်သော ဝတ်နိပါတ်ဖြင့်။ အတ္တမှို။ မိမိ၌၊ တောသန်။ နှစ်သက်ခြင်းကို။ ဇနေ၊ နဂ္ဂဟနှစ်ပါးဖြင့် မြှောက်စား၍ မငြီးနိုင်အောင်ဖြစ်စေနိုင်၏။ ဤသို့ပြဆိုအပ်သော ဝတ်နိပါတ်အကျိုးအာနိသံသကိုငင်း။ ။ဂီဝါဂါဟေနအဿဂ္ဂံ။ နာဝံဖိရေနသုဋ္ဌုနာ။ ဝတ္တာဝတ္တေန အာစေရံ။ သကံဝသံနုဝတ္တယေ။ ။ဟူသောဂါထာဖြင့်။ ။အဿဂ္ဂံ။ လေပြင်းသဏ္ဍာန် အပြေးမြန်သောမြင်းကောင်းမြင်းမြတ်ကို၊ ဂီဝါဂဟေန၊ တကိုယ်လုံး၏အချုပ်။ လည်ကိုဆုပ်သဖြင့်။ သကံဝသံ။ မိမိ၏ရပ်စေလို သွားစေလိုသဉ့်အလိုသို့။ နုဝတ္တယေ။ လိုက်စေနိုင်၏။ နာဝံ၊ လေပြင်းတိုက်ဖွင်။ မြစ်လယ်လှင့်သောလှေကို။ ဖိရေန သုဋ္ဌုနာ။ ထိုရာဆောင်ကြောင်း။ တက်မကောင်းဖြင့်။ သကံဝသံ။ မိမိ၏အလိုသို့။ နုဝတ္တယေ။ လိုရာအကြိုက် ကမ်းသို့ဆိုက်အောင် လိုက်စေနိုင်၏။ အာစေရံ။ ဆိုမြည်ဝေါက်ငမ်း။ နှုတ်ထွက်ကြမ်းသော ဆရာကိုသော်လည်း။ ဝတ္တာဝတ္တေန။ မဝေါက်ထဲ့လို မဆိုထဲ့ရက်။ လွန်နှစ်သက်အောင်ပြုသောဝတ်ကြီးဝတ်ငယ်ဖြင့်။ သကံဝသံ။ ဝေါက်ငမ်းမြည်ဆို။ မခံလိုသောမိမိ၏အလိုသို့။ နုဝတ္တယေ။ လိုက်စေနိုင်၏။ တနည်းကား။ အာစေရံ၊ တပဉ့်ရှုတ်ထွေး၊ မကြိုက်သေး၍။ စွန့်ပြေးပစ်သွားလိုသောဆရာကိုသော်လည်း။ ဝတ္တာဝတ္တေန။ မသွားထဲ့နိုင်။ မခွာထဲ့ရက်။ လွန်နှစ်သက်ဘွယ်။ အသွယ်သွယ်သောဝတ်ကြီးဝတ်ငယ်ဖြင့်။ သကံဝသံ။ ပညာရင်နို့အမြဲစို့လိုသောမိမိ၏အလိုသို့။ နုဝတ္တယေ။ လိုက်စေနိုင်၏။ ။ဤသို့ပြဆိုအပ်သောအနက်အရ။ မြင်းကိုနိုင်လိုဇက်ကိုဆွဲ။ လှေကိုနိုင်လိုတက်ကိုစွဲ။ ဆရာကိုနိုင်လို အရိုအသေဝတ်ပြုမြဲဟူသော ပေါရာဏပဏ္ဍိတတို့စကားအတိုင်း၊ ဝတ်နိပါတ်ပြည့်စုံခြင်း၏အာနုဘာဝသတ္တိများကိုငင်း။ အောက်မေ့ဆင်ခြင်ကြကုန်သည်ဖြစ်၍။ ပစ္စုပ္ပန်သံသရာ။ လွန်စွာအကျိုးစီးပွား။ များမြတ်တိုးတက်စေခြင်းငှာ။ ကောင်းစွာမိုင်းမလေ့ရှိပေသောဆရာမြတ်တို့၌။ ယင်းသို့သော ပစ္စုပ္ပန်သံသရာအကျိုးစီးပွားများမြတ်ခြင်း၏အကြောင်း။ အလွန်ကောင်းမြတ်သောဝတ်နိပါတ်အရာများကို။ မလစ်မလပ်စေရအောင် အမြဲသတိဆောင်ကြရမည့်အကြောင်းများနှင့်။ ၉ ကြိမ်မြောက်ဩဝါဒစကား။ မှာထားဆုမ္မလိုက်သည်တရပ်။

သောဝစဿတာကထာ၌လည်း။ ။သဒ္ဓိဝိဟာရိကေနဘိက္ခဝေ ဘိက္ခုနာ ရာဓေနပိယေသုဝစ္စေနဘဝိတဗ္ဗံ။ ။ပါဠိတော်ဖြင့်။ ချစ်သားတို့။ တပည့်ဖြစ်သောသူသည်။ သာရိပုတ္တရာ၏တပည့် ရာဓရဟန်းခဲ့သို့၊ ဆိုလွယ်စေကြရမည်။ အဆိုမခက်ကြစေနှင့်။ ဟောတော်မူသည်များကိုငင်း။ သဲအစုကို လက်ဝါးပေါ်၌ တင်ထားပြီးလျှင်။ ဤသည့်သဲလုံးနှင့်အမျှ။ ငါ့ကိုဆိုဆုမ္မမဉ့်သူဆရာရလျှင် တော်လေစွဟု။ တောင့်တသောဘုရားသားတော်ရှင်ရာဟုလာမထေရ်၏။ သောဝစဿတာဂုဏ်များကိုငင်း။ သာမဏေငယ်ပင်ဖြစ်သော်လည်း။ ငါ့အား ဆိုဆုမ္မဝံ့ကြပါစေဟု။ တောင့်တသော။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏။ သောဝစဿတာဂုဏ်များကိုငင်း။ ဘုရားသခင်ပရိနိဗ္ဗာန် စံယူတော်မူသည်နောက် သဃ်ာတို့က။ အရှင်အာနန္ဒာကို အာပတ်နှင့်စွတ်စွဲ

ebook created by www.ShweYoma.Org

ပြောဆိုဒေသနာကြားစေလိုရာ။ သင်္ဃာတို့၏ တခွန်းသောစကားဖြင့်။ မိမိ၌ အာပတ်ကို မမြင်ဘဲ
လျက်။ အာပတ်သင့်သခဲ့သို့သောအမှုအရာဖြင့်။ ပရိသတ်တွေ့အလယ် အရှက်ကိုမငဲ့ဘဲ။ သ
ဃ်ာများထံ ဒေသနာကြားထဲ့ပေသော အရှင်အာနန္ဒာ၏။ သောဝစဿတာဂုဏ်များကို ထော်ရှု
ကြည်ဖြူနည်းယူကြကုန်သည်ဖြစ်၍ရင်း။ ။နိဓိနံဝပဝတ္တာရံယံပဿေဝဇ္ဇဒဿိနံ၊ နိဂ္ဂယှ
ဝါဒိံမေဓာဝိံ၊ တာဒိသံပဏ္ဍိတံဘဇေ။ ။ဟူသော ပါဠိတော်ဖြင့်။ ဟုတ်မှန်တိုင်းသောအပြစ်ကို
ထင်ရှားထုတ်ဖော်နှိမ်နင်း၍ ဆုံးမတော်မူကြပေသောဆရာများအပေါင်းကို ရွှေအိုးရတနာကို
ဖော်ကာထုတ်ပြပေးပေကြသောသူများပမာ။ ဝမ်းသာဝမ်းမြောက် ဆည်းကပ်ခြင်းသို့ရောက်ကြ
ရမဉ်ဟောတော်မူသည်များကိုရင်း။ ။ကမ္မာရောပိအယောက္ခန္ဓံ။ နိဒ္ဓမန္တောအယောမလံ။ သု
သဏ္ဌာနံမဟဃ္ဃမ္ပိ။ သတ္ထံကရောတိသာဓုကံ။ ။ကောဋ္ဌိကောပိသေလက္ခန္ဓံ။ ဆိဒ္ဒ ယန္တော
ဒုဠှာနကံ။ သုသဏ္ဌာနံ မဟဃ္ဃမ္ပိ။ ဗိမ္ဗံကရောတိသာဓုကံ။ ။အာစေရောနိဂ္ဂဟောဝါဒီ။ ဒုဇ္ဇနံသု
ဇနံကရေ။ အပ္ပသာဒံပဝါဟေန္တော။ ပသာဒံဝဍ္ဎယံသဒါ။ ။ဟူသောပါဠိဂါထာတို့ဖြင့်။ ။
ကမ္မာရော။ ပန်းဘဲသူကြီးသည်။ အယောက္ခန္ဓံ။ သံချေးပိတ်ဖုံး သံစိမ်းတုံးကို။ အယောမလံ။ သံ
ချေးကို။ နိဒ္ဓမန္တော။ မီးနှင့်ပုံတိုက်။ တူနှင့်ရိုက်ထုတ်လျက်။ သုသဏ္ဌာနံ။ ကောင်းသောသဏ္ဌာန်
ရှိသော။ မဟဃ္ဃမ္ပိ။ အဘိုးများထိုက်သည်လည်းဖြစ်သော။ သတ္ထံ။ ရန်သူပယ်ကြောင်းလက်နက်
ကောင်းကို။ ကရောတိ။ ပြုလုပ်ကြ၏။ ကောဋ္ဌိကောပိ။ ကျောက်ဆစ်ရုပ်ထုပန်းပုသမားသည်
လည်း။ သေလက္ခန္ဓံ။ ကျောက်ကာထွေဖုံး။ ကျောက်စိမ်းတုံးကို။ ဒုဠှာနကံ။ အကွဲအအက်ကြမ်း
တမ်းခက်မာမတော်ရာကို။ ဆိဒ္ဒယန္တော။ ဆော်ကြီးဆောက်ငယ်အသွယ်သွယ်ဖြင့် ထုဖြတ်လျက်၊
သုသဏ္ဌာနံ။ ကောင်းသည့်ပုံရှိသော။ မဟဃ္ဃမ္ပိ၊ ဘိုးကြီးရင်းထိုက်လည်းဖြစ်သော။ ဗိမ္ဗံ။ ဗြဟ္မာသိ
ကြားဘုရားဆင်းတုတော်ကို။ ကရောတိ။ ပြုလုပ်ကြ၏။ နိဂ္ဂဟောဝါဒီ။ မလျော်သောကိုယ်အမှု
အရာနှုတ်အမှုအရာအကျင့်ဟူသော သံချေးကျောက်ကာအပြစ်များစွာကို။ ပယ်ခွာနှိပ်နင်းဆုံးမ
ခြင်းအလေ့ရှိသော။ အာစေရော။ ဆရာသခင်ပညာရှင်သည်။ အပ္ပသာဒံ။ သူမကြည်ညိုဘွယ်
မတင့်တယ်သောကိုယ်အမှုအရာ၊ နှုတ်အမှုအရာအကျင့်ကို။ ပဝါဟေန္တော။ မျှောပယ်ဖြောက်
လွှင့်သည်ဖြစ်၍။ ပသာဒံ။ သူကြည်ညိုဘွယ်တင့်တယ်ပြီးသောကိုယ်အမှုအရာနှုတ်အမှုအရာအ
ကျင့်ကိုလည်း။ ဝဍ္ဎယံ၊ ဝဍ္ဎယန္တော။ တိုးပွားစေလျက်။ ဒုဇ္ဇနံ မသူတော်ကို။ ဝါ။ မကောင်းသော
တပည့်ကို။ သုဇနံ။ သူတော်ကောင်းဖြစ်အောင်။ ဝါ။ တပည့်ကောင်းဖြစ်အောင်။ ကရောတိ။
ပြုတော်မူပေတတ်၏။ ။ဤသို့ပြုအပ်သောအနက်အတိုင်း ပန်းဘဲသူကြီးတို့၏ ဖိုဝ၌ မီးချ
၍။ ထားလုပ်မခံရသောသံစိမ်းတုံးသည်ရင်း။ ကျောက်ဆစ်သမားတို့၏ အထုအလုပ်မခံရသော
ကျောက်ကာတွေဖုံး ကျောက်စိမ်းတုံးသည်ရင်း။ အသုံးလှလှမကျ။ အပယ်ဖြစ်သခဲ့သို့၊ နိဂ္ဂဟော
ဝါဒီ။ သီလဝန်ပညဝန်ဆရာမြတ်တို့၏။ အဝတ်အရုံ။ စားသောက်နေထိုင်ပုံ။ တပည့်တို့ကို ဆုံးမ
ပဲ့ပြင်ပုံ။ အလုံးစုံနေရာကျ။ အဆုံးမကို မခံရ၍။ နည်းမရသောတပည့်တို့သည် အခြားသောဗဟု
သုတစသောဂုဏ်များပင်ရှိလင့်ကစား။ ဆရာကောင်းတို့နည်းကိုရသော သိဿကတို့နည်းတံထွာ

ebook is created by www.Shan...ma.Org

နေရာကျကျမစားတတ် မသွားတတ်။ မပြောဟောတတ် မကျင့်ကြံတတ်သည်ဖြစ်၍။ သူတော်ကောင်းအများတို့၏ကြည်ညိုဘွယ်ကို မဆောင်နိုင်သောကြောင့်။ သာသနာဘောင်ထဲ၌။ ပြစ်လိုက်ရမှာကလည်း အဆီခဲ။ စားလိုက်ရမှာကလည်း။ သဲနှင့်ရှပ်ရှပ်။ ဆိုဘိသည်ပမာ။ လွန်စွာအဘိုးထိုက်လျှောက်လျက်။ အဘိုးမထိုက်လှအပယီဖြစ်၍။ နေတတ်ကြသဉ်။ နေကြသည်များကို။ များများကြီးအောက်မေ့ဆင်ခြင်ကြကုန်သည်ဖြစ်၍။ ဗဟုသုတစသော ဂုဏ်တပါးရှိလျက်။ အာစရိယမုဋ္ဌိနည်းကောင်းမရှိသောကြောင့်။ ထားလုပ်ရှပ်ထုအပြုအပြင်မခံရသော သံစိမ်းတုံးကျောက်စိမ်းတုံး။ အသွေးအဆေးမခံရသောသံချေး ပိတ်ဖုံးထားမအိုပေတုံး။ ကျောက်သွေးသမားလက်သို့မရောက်သောကျောက်ကာတွေဖုံးစိန်ကျော်တုံး။ အချက်အပြုတ်မခံရ၍ ပုပ်ရှာရသော။ ယင်တရှုံးရှုံးဝက်သားတုံးခဲ့သို့ သာသနာတော်၌။ အသုံးကျလောက်လျက် ဆရာကောင်းနည်းကိုမရသည့်အတွက် အသုံးလှုလှုမကျမရှိကြရအောင်။ မကောင်းမြစ်ထာ ပယ်ခွာနှိပ်နှင်းဆုမ္မခြင်းအလေ့ရှိသော။ နိဂ္ဂဟောဝါဒီဆရာမြတ်တို့၏ဩဝါဒကို။ သဘောကျကျ နားဝဝခံနိုင်ကြအောင်ခံမိကြအောင်။ ယင်းသို့သောဆရာမြတ်တို့ထံ။ အမြဲအစွဲနည်းခံ၍။ နေမိကြအောင် နေ့တုံတုံရေခမ်းချိန်ရော်သည့်အခါ။ ရေနဲရာတဘက်ဆည်ရေကန်ဖျား၌။ နေမိသောငါးတို့၏ကျီးငှက်လင်းတတို့အစာဖြစ်ကြသည်ကိုရိတ်မိ၍။ ရေနက်ရာအိုင်ထဲသို့။ သူထက်ငါနောက်မကျစေဘဲ တသဲသဲပြေးဝင်ကြသောငါးလိမ္မာတို့ပမာ။ ဖြစ်ကြရအောင်။ သာသနာတော် တနေ့တပါးအားနည်းချိန်အခါ။ သာသနာတော်အထူး။ ထင်ပေါ်ထွန်းလင်းရာမှ။ သာသနာတော်ညစ်နွမ်းရာ။ ပစ္စန္တဌာနအရပ်ဒေသသို့။ စွန့်ပြေးထွက်သွားပြုမိမှားကြသဖြင့်။ နေ့ထုံထုံပေါက်။ ရေခမ်းချောက်လုနီးသည့်အခါ။ ရေနက်ရာမှ။ ရေတိမ်ရာ။ ကျီးငှက်လင်းတတွေကြားသို့။ တက်သွားမိသောငါးမလိမ္မာတို့ခဲ့သို့။ မဖြစ်ကြရအောင်။ သတိအထူးဆောင်ကြရမဉ်အကြောင်းများနှင့်။ ဆယ်ကြိမ်မြောက်ဩဝါဒစကား။ မှာထားဆုမ္မလိုက်သည်တရပ်။

နာယကအင်္ဂါကထာ၌လည်း။ ။ခမာဇာဂရိယုဋ္ဌာနံ။ သံဝိဘာဂေါဒယိက္ခဏာ။ နာယကဿဆဋ္ဌင်္ဂါနိ။ တေဟောဝနာယကောဘဝိ။ ။ပါဠိဂါထာအရ။ ။အဝိဇ္ဇာမောဟအလျောက် မှောက်မှားသဖြင့်။ တပည့်သားတို့သည်။ ဆရာသွမ်းတို့အလိုမရှိသည်အရာများကိုပြုမိခြင်း။ အလိုရှိသဉ်အရာများကို မပြုမိခြင်း။ ကျေးဇူးမသိတတ်အမှတ်မဲ့နေခြင်းစသည်တို့၌ထိုတပည့်တို့အား သနားသဖြင့်ရင်း။ ။သည်းမခံနိုင်ခြင်း၏အပြစ်။ သည်းခံနိုင်ခြင်း၏အကျိုးများကိုရင်း။ ။ဆင်ခြင်သဖြင့်။ သည်းအလွန်ခံလေ့ရှိခြင်းခမာဂုဏ်။ အောက်လူငယ်တပည့်သဃ်္ဃာများထက်။ ပရိယတ်ပဋိပတ်တရားကို အားထုတ်ခြင်းများသဖြင့်။ အိပ်နေခြင်းနဉ်းပါး အထူးနိုးကြားရခြင်းဇာဂရိယဂုဏ်။ ဆရာသွမ်းတို့ပြုထိုက်သောအမှုကြီးငယ်ဟူသမျှတို့၌။ မပြင်းမရိဝိရိယလုလ္လရှိခြင်းဉဋ္ဌာနဂုဏ်။ မိမိ၌ရအပ်သောပစ္စည်းလာဘ်တို့ကို။ နှမြောစုံမက်ကန့်ကွက်ဝန်တိုခြင်းမရှိ။ တပည့်သားတို့အား အညီအညာ ကောင်းမွန်စွာ ဝေဘန်ခွဲခြမ်းပေးကမ်းလေ့ရှိခြင်း သံဝိဘာဂဂုဏ်။ တပည့်သားတို့အား နုဂ္ဂဟနှစ်ပါးဖြင့် သနားခြီးမြှောက် စောင့်ရှောက်

ebook is created by www.ShweNgwe.Org

လေ့ရှိခြင်းဒယာဂုဏ်။ စီရင်ပြောဆိုရန်အမှုကြီးငယ်ဟူသမျှ၌။ စိတ်ထင်ရာရှောင်တခင် မပြု အမှုအားလျော်စွာ တိုင်ပင်ရာတိုင်ပင်သင့်သောမိတ်ဆွေခင်ပွန်းတပည့်သားတို့နှင့်တိုင်ပင်၍။ ရှေ့နောက်ဆင်ခြင်စဉ်းစား။ မမှားမယွင်းရအောင် စီရင်ပြောဆိုလေ့ရှိခြင်း ဣက္ခဏဂုဏ်ဟုဆိုအပ်သော။ နာယကဦးစီးအထက်ဆရာကြီးတို့၏ဂုဏ်အင်္ဂါခြောက်ပါးများကို မှတ်သားမိပြီးရှိကြသည့်အတိုင်း။ ရထား၏ အင်္ဂါအလုံးစုံပြည့်စုံမှသာလျှင် ရထားပုံလှလှဖြစ်၍ အဘိုးအနဃ်ဖြစ်ဘိသည်အလား။ ဆိုအပ်ခဲ့ပြီးသောနာယကအင်္ဂါမပြည့်စုံလျှင်။ နာယကလူကြီးပုံ လှလှမဖြစ်နိုင်ကြမည်အရေးများကို ထောက်ထားကြသဖြင့်။ ယင်းနာယကအင်္ဂါများနှင့်အထူးအားဖြင့် ပြည့်စုံနိုင်ကြအောင်။ ။ဂုန္နဉ္စေတရမာနာနံ။ ဇိမ္မံ ဂစ္ဆတိပုင်္ဂဝေါ။ ပိစ္ဆာအပိစ္ဆေသံသန္ဒေ။ ပါပိစ္ဆာပါပိစ္ဆေဟိသံသန္ဒန္တိ။ လ။ ဒုဿီလာဒုဿီလေဟိသံသန္ဒန္တိ။ သေယျထာပိသပ္ပိနာသပ္ပိမနေဂုမံ။ ။ပါဠိတော်မြွတ်ဖြင့်။ သတ္တဝါတို့ဓမ္မတာဇာတ်ဂုသဘောတူရာသာ။ အတူတကွနှီးနှောနေထိုင်ကြမြဲဖြစ်သဉ်ဟုဟောတော်မူသဉ်အတိုင်း။ အထက်ဦးစီးဆရာကြီးတို့က။ သဒ္ဓါတရားနဉ်းပါး။ ဝိနယဂရုရှားပါး။ ပါပိစ္ဆမဟိစ္ဆအယုတ်တရားများပြား၍ရှိလျှင်။ ယင်းသို့သော သဘောရှိသောပုဂ္ဂိုလ်ယုတ်မျိုးတို့သည်သာလျှင်။ မိမိတို့၏ထံလာရောက်ဝန်းအုံကြသဖြင့်။ တတိုက်လုံးအဖြင်းပုံ။ အဖြင်းအိုး။ အဖြင်းမျိုးအဆက်ဆက်ဖြစ်၍နေရစ်မည်များကိုဂုင်း။ များများကြီးနှစ်လုံးထားကြသဖြင့်။ ယင်းသို့သော အသဒ္ဓိယ အဝိနယဂရု။ ဒွါကာရ။ ဒွါစာရ။ ပါပိစ္ဆမဟိစ္ဆသဘောတို့မှ များများကြီးဝေးကြရအောင်။ ။ပီယောဂရုဘာဝနီယော။ ဝတ္တာစဝစနက္ခမော။ ဂမ္ဘီရကထဉ္စကတ္တာ။ နောစဌာနေနိယောဇယေ။ ။ပါဠိတော်၏ အရ။ အောက်လူငယ်တပည့်သင်္ဃာတို့အားသနားမေတ္တာမကင်း။ နုဂ္ဂဟနှစ်ပါးဖြင့် ခြီးမြှောက်မစလေ့ရှိသည်ဖြစ်၍။ တပည့်ကြီးငယ်သီတင်းသုံးဘော်သင်္ဃာတော်များတို့၏ အထူးအားဖြင့် ချစ်ခင်အပ်သောပီယဂုဏ်။ ထူးမြတ်သောကုက္ကုစ္စက သိက္ခာကာမသီလသမာဓိပညာအားကြီးသဖြင့်။ တပည့်သင်္ဃာအများတို့၏ကျောက်ထီးပမာ။ လွန်စွာရိုသေ။ ခံ့ညားလောက်သောဂရုဂုဏ်။ ဒေါသ မာန ရှေ့ထားသဖြင့်။ တပည့်သားတို့အား ဆိုမြည်ငေါက်ငမ်းကြမ်းထမ်းနှိမ်စက်မရှိ၊ ကာလေနဝက္ခာမိ။ စသော ဆိုဆုမ္မသူတို့၏ အင်္ဂါငါးဖြာလက္ခဏာလာသည်အတိုင်း၊ ကာလဌာနကို ထောက်ချင့်၍ ဆိုဆုမ္မသင့်သည်အရာတို့၌။ ချိုသာစွာသော ပီယဝါစာစကားဖြင့် တရားအလျောက် တပည့်သားတို့အား ဆုမ္မခြင်းကိုပြုလေ့ရှိခြင်းစသည်များကြောင့်။ တပည့်သားတို့၏ဆရာ၌ အလွန်မေတ္တာရောက်အပ် ပွားလွယ်အပ်သော ဘာဝနီယဂုဏ်။ တပည့်သားတို့အား ဆိုဆုမ္မစရာအပြစ်ကြီးငယ်ရှိလျှင်။ မျက်နှာကြီးငယ်မရွယ်မထောက်ပြတ်ပြတ်တောက်တောက် ဆုမ္မလေ့ရှိခြင်း။ ဝတ္တာဂုဏ်။ မိမိအား တပဉ့်သားတို့ကအကြောင်းအားလျော်စွာ။ လျှောက်သင့်သည်များကို။ လျှောက်ထားလာသည်အခါတို့၌။ ဒုဗ္ဗစ္စဒေါသမာနအမူအရာမထင် မရှိ။ သည်းခံလိုက်နာလေ့ရှိခြင်း။ ဝစနက္ခမဂုဏ်။ လိမ္မာသောနွားရှင်ယောကျ်ားသည်။ မိမိနွားများကို မှက်ချင်ရင်ရဲ ကိုက်ခဲဝဲစား၍။ မပျက်ပြားစေခြင်းငှာ။ လေညာကနေ၍ မီးခိုးတွေကို ထောင်းထောင်းထအောင် လွှတ်သည်ပမာ။ မိမိတပည့်သား

ebook is created by www.shanyoma.Org

ကြီးငယ်များတို့၌။ ကာမဝိတက်စသောကိလေသာမှက်ချင်ရဲတို့ကိုက်ခဲသဖြင့်။ တပည့်သင်္ဃာတို့တုန်လှုပ်ချောက်ချား။ ပျက်ပြားဆုတ်ယုတ်မရှိကြစေခြင်းငှာ။ မကြာမကြာကာမာနံ့အာဒိနဝကထာ။ သီလသံဝရကထာ။ ခန္တီသံဝရကထာ။ အပ္ပမာဒကထာစသော။ သိမ်မွေ့နက်နဲစွာသောတရားစကားတို့ဖြင့် ဟောကြားလေ့ရှိခြင်း။ သူတပါးတို့ကို ဟောစေခြင်းဟုဆိုအပ်သော ဂမ္ဘီရကထာ ကတ္တာဂုဏ်။ တပည့်တို့အား လောကဓမ္မအားဖြင့်။ မသင့်သောအရာဌာနတို့၌ တိုက်တွန်းစေခိုင်းလေ့မရှိခြင်းဟူသော။ နော စာဌာနေနိယောဇနဂုဏ်ဟုဆိုအပ်သော၊ အသက်ထက်ဆုံးမစွန့်စကောင်းသောဆရာကောင်းတို့၏ အင်္ဂါ ၇ ပါးတည်းဟူသောဘဇိတဗ္ဗအာစရိယဂုဏ်များကို နှစ်လုံးထားကြကုန်သည်ဖြစ်၍။ ယင်းသို့သော အာစရိယဂုဏ်များနှင့်လည်း။ များများကြီးပြည့်စုံကြရအောင်။ သည်မှတပါး ကျမ်းဂန်တိုက်ရိုက်အားဖြင့် မလာသော်လည်း။ အလျော်နေယျတ္ထနည်းအားဖြင့်။ အများသဘောတူထုတ်ဆောင်ရေးသားထားကြအပ်သော ရွှေကျင်တိုက်ဥပဒေကြီးတွင်။ ပါဝင်သမျှအထက်ဦးစီး။ နိသျှည်းဆရာကြီးတို့အင်္ဂါ။ တိုက်အုပ်တိုက်ကြပ်ဆရာတို့အင်္ဂါဟူသမျှကိုလည်း။ သင်္ဃာအလယ်မကြာမကြာဘတ်ကြား၍။ ၎င်းအင်္ဂါများနှင့်လဉ်း အထူးပြည့်စုံကြအောင် များများကြီးနှစ်လုံးထားကြရမည့်အကြောင်းများနှင့်။ ကောဒသမတဆယ့်တကြိမ်ကျအောင်။ ဩဝါဒစကား မှာကြားဆုမ္မလိုက်သည်တရပ်။

လာဘသက္ကာရ သိလောကဿ ဒပဟာနကထာ၌လည်း။ ။ဒါရုဏောဘိက္ခဝေလာဘသက္ကာရသိလောကောကဋုကော ဖရုသော အန္တရာယကရော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ။ အစရှိသောပါဠိတော်၏ အရ။ လာဘ်ပူဇော်သက္ကာရသိလောကသည်။ အပ်တစင်းဝင်လှာသည့်အတွက်။ ပုဆိန်ဆယ်စင်းထွက်သည်ဆိုဘိသဉ်အလား။ မဂ်ဖိုလ်တရားမြတ်အန္တရာယ်ကိုပင်။ အကယ်စင်စစ် ပြုတတ်လှသည်ဟောတော်မူသည့်အတိုင်း။ ။ကောဓမက္ခဂရုဘိက္ခု။ လာဘသက္ကာရကာရဏာ။ သုခေတ္တေပုတိဗီဇံဝ။ သဒ္ဓမ္မေသိ္မ နရူဟတိ။ ။ပါဠိတော်၏ အရလက္ခဏာဟာရနည်းအားဖြင့် ပြအပ်သော။ ။ကောဓနော။ ရအပ်ပြီးသောလာဘ်။ မရအပ်သေးသောလာဘ်နှစ်ပါး၏ အတွက်များနှင့်ပင်။ သင်္ဃာတော်များတို့အား အကြဉ်ညိုပျက်။ ဒေါသထွက်ခြင်းကောဓတရား၎င်း။ ဥပနာဟော။ မစင်ပုံကိုကောက်ယူပြီးလျှင်။ လက်မလွှတ်ချင်ဘဲ။ တမဲထဲမစင်ပုံကို စုံမက်၍နေသောသည်းချေရှူးပမာ။ လာဘ်ပူဇော်သက္ကာရတွက်တာကြောင့်။ ဖြစ်ပေါ်လာသော အမျက်ကို မဖျောက်ချင်ဘဲ။ အမြဲရန်ငြိုးဖွဲ့ထားခြင်း ဥပနာဟတရား၎င်း။ မက္ခော။ မိမိ၏ အပေါ်၌နေသောသူကို။ နှုတ်သီးတစူစူမကြည်ဖြူ၍။ မစင်ရည်နှင့်ကော်ယူကော်ပက်သည်အခါ။ မိမိ၏ အပေါ်၌သာ။ မစင်ရဉ်လူးလဉ့်ခြင်းများသခဲ့သို့။ လာဘ်ပူဇော်သက္ကာရ။ သိလောကဂုဏ်များသောပညဝန်သီလဝန်ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို ဖျက်ချေ၍။ ပြောဆိုမိရာမိမိ၏ သာလျှင် သူတော်ကောင်းလက္ခဏာဂုဏ်ပျောက်သဖြင့်။ သူယုတ်မာလက္ခဏာပုံရောက်၍။ မိမိ၏ ဂုဏ်ကိုသာ ချေဖျက်သလိုနေစေတတ်သောမက္ခတရား၎င်း။ ပလာသော။ ခြင်္သေ့စားကြွင်းကိုစားရ၍။ အားအတန်ငယ်ပြည့်သည်အခါ ခြင်္သေ့ပင်ကိုယ်ကိုမှတ်၍။ ဆင်ပြောင်ကိုကိုက်သတ်

ebook is created by www.ShweYoma.Org

မည်ဟန်အခင်းတွင်။ ဆင်နင်း၍သေရသည်မြေခွေးမသေ့။ ။မဏ္ဍုကောပိဉကေသီ ယော။ ဖားသူငယ်လျက်။ ခြသေ့်တစေ။ ကာကဃေ်နပီယေပီယော၊ ကျီးနှုတ်သီးဝယ်ချစ်ဆွေချစ် ဆွေ။ ။ဆင်ပြောင်ကို စစ်ထိုးသည်။ ဆင်ချဉ်းပိုးပုံမသေ့။ ဝိဒေဟရာဇ်ပုတ်သင်၏ အနေလို။ မရာမရေအဘက်မတန်အဘက်ပြိုင်မိလေ၍။ မြန်မြန်မိမိကိုယ်ကိုဘေးကြီးထိစေတတ်သော ဖ လာသတရားငင်း။ ထမ္ဘော။ ပစ္စဉ်းလာဘ်ဝေဘန်ခွဲခြမ်းရာစသည်များ၌။ လာဘ်ကို လာစေလို သည်အတွက်နှင့်ပင်။ မြင်ရသူတို့စိတ်မချမ်းသာစရာ။ လွန်စွာခိုင်ခံ့မာခြင်း။ ကိုယ်၏ကြမ်းထမ်း ခြင်းထမ္ဘတရားငင်း။ သာရမ္ဘော။ လာဘ်ကို လိုလားသည်အတွက်များနှင့်။ ကြားရသူတို့နား မ ချမ်းဘွယ်။ ချူတ်ချယ်စောင်းမြောင်း။ နှုတ်၏ အလွန်ကောင်းခြင်းသာရမ္ဘတရားငင်း။ မာနော။ ထွန်တုံးကိုမြို၍ထားသော မြွေကျောက်ရှည်အလား။ မိမိ၌လာဘ်ပူဇော်များခြင်း စသောအ ကြောင်းကြောင့်။ မိမိထက် သိက္ခာဝါကြီးသောပုဂ္ဂိုလ်တို့အားသော်လည်း။ မညွှတ်တွားမရိုသေ နိုင်ခိုင်ခံ့မာမြင်းခြင်းမာနတရားငင်း။ အတိမာနော။ ပထဝီဇေယမန္တါန်ကို။ တတ်သည့်အာနု ဘော်ကြောင့်။ သားတိရစ္ဆာန်တို့၏ အပေါ် တွင်။ ခွေးစော်အတန်နံရသည့်အတွက်။ လူစော်တက် ၍နံခြင်းပြန်သောကြောင့်။ ဗာရာဏသီကို လုပ်ကြံမဉ်ဟန်ပြု၍။ သားတိရစ္ဆာန်ဗိုလ်စုသဥ္စအ တွင်း။ မိမိရဲသူဆင်နင်း၍စင်းစင်းသေရရှာလေသော မြေခွေးပမာ။ အနဉ်းငယ်သောဂုဏ်ပညာ အနဉ်းငယ်သောလာဘ်ပူဇော်သကာနှင့်လွန်စွာတက်စီး။ အထင်ကြီးတတ်သောအတိမာနတရား ငင်း။ ဣဿာ။ လာဘ်ဟူသောအကြောင်းကြောင့်။ သူတပါးတို့၏ ပညာဂုဏ်ရှိန်။ စည်းစိမ်ကြီး သည်ကို မလိုတမူ ငြူစူစောင်းမြောင်းခြင်းဣဿာတရားငင်း။ ဝါ။ လကျာ်တော်ရံအရှင်သာရိပု တ္တရာမထေရ်များကိုပင် ငြူစူပြစ်မှား၍။ ပဒုမငရဲသို့သွားရှာရသော ကောကာလိကရဟန်း၏ အ လား။ မငြူစူတန်ငြူစူမှား၍။ ငရဲကြီးသို့လားစေတတ်သဖြင့်။ ကြောက်အပ်လှစွာလွန်ယုတ်မာ သော။ ဣဿာတရားငင်း။ မစ္ဆေရော။ အနဉ်းငယ်သောလာဘ်ပူဇော်ဉစ္စာတွက်ကြောင့်။ ရဟ န္တာအရှင်ကိုပင် ဝန်တိုပြစ်မှား၍။ ဘဝအဆက်ဆက်ခေါင်းပါးအစာ။ လူတကာမြင်ပြင်း။ မစင် တွင်း၌သာမစင်ကိုစား၍နေရရှာသော။ လောကတိဿ။ ဇမ္ဗူကရဟန်းတို့ပမာ။ ဝန်မတိုတန်ရာ ၌သော်လည်း ဝန်တိုမှား၍။ ဆုံးပါးကြီးရောက်စေတတ်သောမစ္ဆေရတရားငင်း။ မာယာ။ လာဘ် ကို လိုလား။ ပါပိစ္ဆတရားနှိပ်စက်၍။ ရှေ့တွင်တသွယ်ကွယ်ရာတခြား။ ကိုယ်ပြုမှားသည့်။ တ ရားမဟုတ်။ ကိုယ်ဂုဏ်ယုတ်ကို။ ဖုံးအုပ်ကွယ်ကာတတ်သောမာယာတရားငင်း။ သာထေယျံ။ လာဘ်ကိုလိုလား။ ဂုဏ်ထင်ရှားအောင်။ တရားမကျင့်၊ ကျင့်ရောင်ကား၊ စာမတတ်ဘဲ၊ တတ်ပုံ များနှင့်၊ ဝါကားစဉ်းလဲခြင်း သာထေယျအယုတ်တရားငင်း။ ။ဤသို့လျှင် လာဘသက္ကာ ရသိလောကတွက်တာများနှင့်။ တဆဲ့နှစ်ပါးသောနှစ်လုံး၏ အညစ်အကြေး ပြန့်ပွားသဖြင့်၊ ပစ္စု ပ္ပါန်ဘဝ၌လည်း။ မိုဃ်းတိမ်ပုပ်ဖုံးအုပ်သောလရောင်ခဲ့သို့။ သီလသမာဓိဗဟုသုတပညာဂုဏ်အ ရောင်မထွက်။ သဃၤာအများ မနှစ်သက်၊ ထက်ဝန်းကျင်လူထဲရှင်ထဲစင်တလင်လဲအောင်။ သီ တင်းပုပ်သီတင်းလေကျော်လွှမ်းတက်၍ ပျက်စီးရတတ်ခြင်း။ သံသရာ၌ အပါယ်လေးပါးအစာ

ebook is created by www.ShanHome.Org

ဖြစ်ရတတ်ခြင်းကြောင့်။ အလွန်မြတ်သော ဘုရားရှင်သာသနာတော်၌၊ ရဟန်းတဘာဝဖြစ်ရပါလျက်။ လယ်တာမြေကောင်း၌။ မျိုးစေ့ရောင်းမြိုးစေ့ပုပ်ခဲ့သို့ဖြစ်၍။ သာသနာတော်ကို ခိုလှုံရကျိုးမနတ်ဟောတော်မူသည်များကိုဂုဏ်။ သည်မှတပါး။ ။လာဘသက္ကာရသိလောကေန ဘိက္ခဝေ အဘိဘူတော။ ဒေဝဒတ္တော ကပ္ပဋ္ဌောနေရယိကော။ ။ဟူသောပါဠိတော်နှင့်အညီ။ အဇာတသတ်မင်းကိုးကွယ်ခြီးမြှောက်ဆွမ်းအိုးကျက်ငါးရာ။ အထောက်ခံရသည့်အတွက်။ ဂုဏ်ကြီးစရာတက်၍။ ဘုရားရှင်ကို ပြိုင်ဘက်မိခြင်းကြောင့်။ အဝိစိငရဲသို့ဆင်းသွားရရှာသော ဒေဝဒတ်၏။ အခြင်းအရာများကိုဂုဏ်။ ။သည်မှတပါး။ ။ယံဘိက္ခဝေအသနိဝိစက္ကံ တံသေကုံ့အပတ္တမာနသံပါပုဏာတိ။ အသနိဝိစက္ကန္တိဘိက္ခဝေ လာဘသက္ကာရသိလောကဿေတံ အဓိဝစနံ။ ။ပါဠိတော်ဖြင့်။ လာဘ်ပူဇော်သက္ကာရဟူသည်။ မိုဃ်းကြိုးစက်ကွင်း။ လောင်မီးအရင်း။ စင်စစ်ဖြစ်သည်။ ယင်းသို့သော လာဘ်ပူဇော်သက္ကာရမိုဃ်းကြိုးစက်ကွင်းသည်။ ရဟန္တာအရှင်ပုဂ္ဂိုလ်တပါးကိုသာ ချန်ချွင်း၍။ ပုထုဇန်သေက္ခပုဂ္ဂိုလ်မကြွင်း။ စင်းစင်းသေအောင် တိုက်ခွင်းမှန်ဖောက်တတ်သည်ဟောတော်မူသည်များကိုဂုဏ်။ ။သည်မှတပါး။ ကဒလီဝေဖလံဟန္တိ။ ဖလံဝေဠုံဖလံနဠံ။ သက္ကာရောကာပုရိသံဟန္တိ။ ဂဗ္ဘောအဿတရိံယထာ။ ။ဟူသောပါဠိတော်ဖြင့်။ ငှက်ပျောသီး၊ ဝါးသီး၊ အစရှိသောအသီးတို့သည်။ မိမိတို့၏ မှီရာသစ်ပင်ကို အရှင်လပ်လပ်အသေသတ်တတ်ဘိသခဲ့သို့ဂုဏ်။ အဿထိုရ်ရမြည်းမ၏ ။ ကိုယ်ဝန်သည်။ မိမိအောင်းသည့်ဝမ်းခေါင်းရှင်။ မွေးမေကို အသေသတ်ဘိသခဲ့သို့ဂုဏ်။ လာဘ်ပူဇော်သက္ကာရသည် အနှစ်မရှိသော ငှက်ပျောပင်ဝါးပင်တို့၏ ပမာ။ သတိပညာအပွိစ္ဆာအစရှိသော ဂုဏ်အနှစ်ကင်းသောပုဂ္ဂိုလ်များကို။ များမကြာဖျက်ဆီးတတ်သည်ဟောတော်မူသည်များကိုဂုဏ်။ သတိသံဝေဂတရားကြပ်ကြပ်ထားကြကုန်သည်ဖြစ်၍။ ယင်းသို့မိုဃ်းကြိုးစက်ကွင်း လောင်မီးတွင်းသို့၊ ဆင်းရမည်ကလောက်။ လွန်စွာကြောက်မက်ဘွယ်ရှိသော။ ရာဇရာဇမဟာမတ္တစသည်တို့၏ လာဘသက္ကာရသိလောကများ၌။ မီးရောင်ကို ရွှေရောင်မှတ်မှားသည့်တောသမင်များပမာ။ လွန်စွာသာယာမှားစေတတ်သော။ အဿာဒမဟိစ္ဆတရားများကိုဂုဏ်။ သာဓုဘိက္ခဝေ ဥပ္ပန္နံလာဘံအဘိဘုယျ အဘိဘုယျဝိဟာရေယျ။ ။ဟောတော်မူသည်အတိုင်း။ နိုင်နင်းကြစေခြင်းငှာ။ မရဏသညာ၊ အနိစ္စသညာ၊ နိရောဓသညာ၊ ဝိရာဂသညာ။ သံဝိဂ္ဂညာဏ်၊ နိဗ္ဗိဒါညာဏ်များနှင့်။ မျှားများကြီးလွှမ်းမိုးနှိပ်နင်းကြရမည်အကြောင်း။ ဆင်ဖြူတော်ခုနှစ်စီးကို ရမည့်အတွက်။ ဝိရိယတရားပျက်လေသဖြင့်။ ချည်ဝင်ခုနှစ်ဝင်နှင့်သာ ကြိန်းကျေရလေသည်ဆိုဘိသည်ပမာ။ မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ၊ သာသနာတော်သို့ဝင်သဖြင့်။ မဂ်ဖိုလ်အလို့ငှာ စောင့်ရှောက်ဆည်းဘူးအပ်သော သီလသံဝရဂုဏ်၊ ဗဟုသုတဂုဏ်များသည့်အတွက်။ ဒါယကာကြီးငယ်မင်းမှူးမတ်တစုတို့၊ ကြည်ညိုခြီးမြှောက်ခြင်းလာဘသက္ကာရသိလောကတည်းဟူသော ချည်ဝင်ခုနှစ်ဝင်ကိုသာရ၍။ လိုရင်းမဂ်ဖိုလ်တည်းဟူသော ဆင်ဖြူတော်ခုနှစ်စီးနှင့်ဝေးလေရုံမျှမက ရအပ်ပြီးသောသံဝရသီလတရားကြီးများကိုပင်။ မိစ္ဆာဇီဝအနေသနဝင်စွက်ဖျက်ဆီး၍။ အကျိုးကြီးမနဲကြရအောင်။ မြေ

ebook is created by www.ShanYoma.Org

ပွေးမြွေဟောက်မြွေငမ်းပြောက်တို့ကို ကစားပွဲခံ၍။ မြွေနှင့်အသက်မွေးရသောအလမ္ပာယ်ယောကျ်ားသည်။ မြွေဆိပ်ကို နိုင်စေတတ်သော မန္တရားမန္တာန်တို့ဖြင့်။ အတန်တန်မန်းမှုတ်နိုင်မှ။ ယင်းမြွေဆိုးတို့ကိုက်၍မသေ။ အသက်တာရှည်နိုင်သခဲ့သို့။ ဗဟုဇနသံကိဏ္ဏရာဇဌာနီဒေသတွင်။ ရာဇရာဇမဟာမတ္တာတို့ လာဘ်ပူဇော်သက္ကာရ သိလောကဟူသော မြွေပွေး မြွေဟောက် မြွေငမ်းပြောက်တို့နှင့်ကင်း။ အသက်မွေးခြင်းကို ပြုကြရသည်နှင့်အညီ။ ယင်းသို့သော မြွေကြီးတို့ကိုက်၍ ထိပ်ကိုထိအောင် မြွေဆိပ်ဆိုက်နှင့်ကြသဖြင့်။ အထက်အလမ္ပာယ်ဆရာကြီးဆေးမမှီလိုက်ဘဲ မရှိကြရအောင်။ ဆိုအပ်ခဲ့ပြီးသောဘာဝနာမန္တရားမန္တာန်တို့ဖြင့် အတန်တန်မန်းမှုတ်၍။ ယင်းသို့သော လာဘသက္ကာရသိလောကဿာဒမြွေဆိပ်တို့ကို။ နှိပ်နှင်းနိုင်ကြအောင်။ သတိအထူးဆောင်ကြရမည့်အကြောင်းများနှင့်။ ဒွါဒသမတဆယ့်နှစ်ကြိမ်မြောက်ဩဝါဒစကား။ မှာကြားဆုမ္မလိုက်သည်တရပ်။

ကာမာနံ အာဒိနဝကထာ၌လည်း။ ॥အပ္ပသာဒါကာမာဗဟုဒုက္ခာဗဟုပါယာသာ ဧတ္ထအာဒိနဝေါဘိယျော။ ॥ဟောတော်မူအပ်သောပါဠိတော်၏အရ။ သေရမည့်ဘေးကို မမြင်။ အစာကိုသာခင်မင်၍။ ဘိထောင်ချောက်သို့ဝင်မိမှားသော ကြွက်မိုက်ပမာ။ အနည်းငယ်သောကာမဂုဏ်အရသာကြောင့်။ ပစ္စုပ္ပန်သံသရာဘေးရောကို ဟုတ်မှန်စွာ ဆင်ခြင်အောက်မေ့ကြကုန်သည်ဖြစ်၍ရင်း။ ॥နဟိဘောဂါ စိန္တာမယာ။ ပါဠိတော်အတိုင်း။ ॥သုပိနကုပမာကာမာ။ ဟောတော်မူအပ်သည်နှင့်လျော်စွာ။ ဟေဝန္တာမြိုင်စခန်း။ ဆင်ယိုင်းတွေလာသည်လမ်းတွင်။ မောပမ်းဖြေရင်း။ အိပ်ကြူးခြင်းသို့ရောက်သွားသောခရီးသွားယောကျ်ား၊ မင်းဖြစ်တော့မည့်အလား။ ဖုတ်သွင်းရထားဆိုက်ရောက်လှာပြီး အိပ်မက်တုန်းအတွင်း။ ဆင်ယိုင်းတွေနင်း၍စင်းစင်းသေရှာရလေသည့်ပမာ ဖြစ်၍လာသည်ကားတခြား။ စိတ်ကြံ၍ထားသည်ကား တပုံ။ ငါးကာမုံအာရုံများ၏အိပ်မက်နှင့်ပုံမခြား။ မကိုးကားလောက်။ စိတ်ကြံရုံမျှနှင့်သာ။ လျှင်စွာပျောက်၍။ ဘေးကြီးသာလွန်စွာရောက်တတ်သည်အပြစ်များကိုရင်း။ ॥ကာမန္ဓ ဇာလ ပစ္ဆန္နါ။ တဏှာဆဒနဆာဒိတာ။ မစ္ဆဝဝကုမိနာမုခေ။ ဇရာမရဏမဒ္ဒေန္တိ။ ॥ပါဠိတော်အရ ကာမဂုဏ်ငါးပါးတို့၏ငယ်ငယ်နှောင်းနှောင်း။ ငါးသောင်းပြောင်းတို့ကို။ တပေါင်းတဉ်းသိမ်းယူတတ်သောမြုံးနှင့်တူသည်၏အဖြစ်။ ကာမဂုဏ်ကို စုံမက်လိုက်မှားကြသော သတ္တဝါတို့၏။ ငါးမိုက်နှင့်တူသည်၏အဖြစ်ကိုရင်း။ ဆယိမေဘိက္ခဝေ ဗလိသာအနယသတ္တာနံဗျာဘာဒါယပါဏီနံ။ ကတမေဆ။ သန္တိဘိက္ခဝေစက္ခုဝိညေယျာရူပါဣဋ္ဌာ ကန္တာမနာ ပါရဇ္ဇနီယာ။ ကာမူပသညိတာ။ တဥ္စေဘိက္ခုအဘိနန္ဒတိ။ အဘိဝဒတိ။ အဇ္ဈောသာယတိဋ္ဌတိ။ အယံဝုစ္စတိဘိက္ခဝေဘိက္ခုဂိလဗလိသောမာရဿ အနယံအာပန္နောဗျာသနံအာပန္နောယထာကာမကရဏီယောပါပိမတော။ ဤသို့အစရှိသော ပါဠိတော်မြွတ်ဖြင့်။ ကာမဂုဏ်ငါးပါးအာရုံချောက်ပါး၏။ ငါးများချိတ်ချောက်စင်းနှင့်တူသည်၏အဖြစ်။ ရူပါရုံစသည်ကို တပ်စွမ်းတတ်သောရဟန်းတိုပ၏။ ငါးများချိတ်ကို မြိုမိသောငါးနှင့်တူသည်ဟုဟောတော်မူသည်များကိုရင်း။ ॥သည်မှတပါး။ ॥ဘောဇနံပုတိဂိ

ဇ္ဈာနံ။ သာလိဟံသာနမုတ္တမံ။ ကာမခနာနိဂါမ္မိနံ။ နေက္ခမံဘိက္ခုနံဝရံ။ ။ပုတိ။ ခွေး ကောင်ပုပ်စသည်သည်၊ ဂိဇ္ဈာနံ။ လင်းတတို့၏။ ဥတ္တမံ။ မွန်မြတ်သော။ ဘောဇနံ။ အစာတည်း။ သာလိ။ သလေးစပါးသည်။ ဟံသာနံ။ ရွှေရောင်ဝင်းဝါဟင်္သာငှက်မျိုးတို့၏။ ဥတ္တမံ။ မွန်မြတ် သော။ ဘောဇနံ။ အစာတည်း။ ကာမာ။ ခွေးကောင်ပုပ်ပုံကာမဂုဏ်တို့သည်။ ဂါမ္မာနံ။ လင်းတ အတူရွာနေလူတို့၏။ ဝရာနိ။ မြတ်ကုန်သော။ ခနာနိ။ ဥစ္စာတို့တည်း။ နေက္ခမံ။ ကာမဂုဏ်မှထွက် မြောက်ခြင်းနေက္ခမသုခသည်။ ဘိက္ခုနံ။ ရဟန်းတို့၏။ ဝရံ။ မြတ်သော။ ခနံ။ ဥစ္စာတည်း။ ။ ဤသို့မိန့်အပ်သည်ဂါထာအဓိပ္ပါယ်များကိုရင်း။ ။နာဂေါကာကဿနေတ္တမှိ။ အဿာဒံဆိဇ္ဇနံသ ဒါ။ မက္ခိကန္တံသုပူရေန္တော။ အန္ဓဂေါဝိနဿတိ။ ။သုဘသညီပမဇ္ဇန္တော။ ဝိက္ကဿနုဝတ္တကော။ ကာမန္ဓေ ပရိပူရေန္တော။ ကာမန္ဓော သမဏောတထာ။ ။ဟူသောဂါထာတို့ဖြင့်။ ။နာ ဂေါ။ ဆင်ပြောင်ကြီးသည်။ ကာကဿ။ ကျီး၏။ ဆိဇ္ဇနံ။ အသာအသာဆိပ်ဆွလှာခြင်းကို။ အ ဿာဒံအဿာဒေန္တော။ သာယာနှစ်သက်မမောင်းရက်သည်ဖြစ်၍။ မက္ခိကန္တံ။ ယင်းချဉ်းဥကို။ သုပုရေန္တော။ အားကြီးစွာပြည့်စေလျက်။ အန္ဓဂေါဝ။ ကန်းခြင်းသို့ရောက်သည်ဖြစ်၍သာလျှင် ။ ဝိနဿတိ။ သေကျေပျက်စီးလေ၏။ တထာ။ ယင်းနည်းအတူ။ သမဏော။ ဆင်ပြောင်နှယ် နှယ်။ သဒ္ဓါသီလအားကြီးကျယ်သောရဟန်းသည်လျက်။ ပမဇ္ဇန္တော။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း မလေ့။ အလွန်မေ့လျော့သည်ဖြစ်၍။ သုဘသညီ။ မစင်တွင်းဘင်တွင်းကြီးပမာ ရွံ့ရှာဘွယ်သော အကောင်ပုပ်၌။ နှစ်ချိုက်သာယာသုဘသညာရှိသည်ဖြစ်၍။ ဝိတက္ကဿ၊ ကာမဝိတက်နောက်သို့။ အနုဝတ္တကော။ ဖြေးဖြေးဖြေးဖြေး။ တရေးရေးနှင့်။ တတွေးတွေးကြံစည်လိုက်မှားသည်ဖြစ်၍ ကာမန္ဓေ။ ကာမတဏှာတည်းဟူသောယင်ချဉ်းဥတို့ကို။ သုပူရေန္တော။ အလွန်ပြည့်စေလျက်။ အ န္ဓဂေါဝ။ ကန်းခြင်းသို့ရောက်သည်ဖြစ်၍သာလျှင်။ ဝိနဿတိ။ သေကျေပျက်စီးလေ၏။ တထာ ။ ယင်းနည်းအတူ၊ သမဏော၊ ဆင်ပြောင်နှယ်နှယ်။ သဒ္ဓါသီလအားကြီးကျယ်သောရဟန်းသည် လျက်။ ပမဇ္ဇန္တော။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမလေ့။ အလွန်မေ့လျော့သည်ဖြစ်၍။ သုဘသညီ။ မစင်တွင်းဘင်တွင်းကြီးပမာ။ ရွံ့ရှာဘွယ်သောအကောင်ပုပ်၌။ နှစ်ချိုက်သာယာ။ သုဘသညာ ရှိသည်ဖြစ်၍။ ဝိတက္ကဿ။ ကာမဝိတက်နောက်သို့။ အနုဝတ္တကော။ ဖြေးဖြေးဖြေးဖြေး။ တ ရေးရေးနှင့်။ တတွေးတွေးကြံစည်လိုက်မှားသည်ဖြစ်၍။ ကာမန္ဓေ။ ကာမတဏှာတည်းဟူသော ယင်ချဉ်းဥတို့ကို။ သုပူရေန္တော။ အလွန်ပြည့်စေလျက်။ ကာမန္ဓောဝ။ ကာမုပါဒါန်ဖြင့် ကန်း သည်ဖြစ်၍သာလျှင်။ ဝိနဿတိ။ ပစ္စုပ္ပာန်သံသရာ။ နှစ်ဖြာဘေးကြီးတွေ့သဖြင့် ပျက်စီးရလေ ၏။ ။ဤသို့မိန့်အပ်သောအနက်အဓိပ္ပာယ်များကိုရင်း။ သဉ်မှတပါး။ ငါးသိုင်းများလျှင် ဟင်းဟုန်။ တရားများလျှင်နားထုံ။ ယေဝါပနကအလုံးစုံ။ ဘုရားဟောပါဋ္ဌိတော်အဖုံဖုံမှလာ သော။ ကာမဂုဏ်ငါးပါးတို့၏။ အပြစ်အာဒိနဝ။ အနန္တရှိသည်များကိုရင်း။ ကြံစည်မှတ်သား၊ စဉ်းစားဆင်ခြင်ကြကုန်သည်ဖြစ်၍။ ယင်းသို့သော ကာမဂုဏ်ညွန်တွင်း။ မာရ်မင်းနိုင်ငံသို့မလိုက် သွားမိကြရအောင်။ သမုဒ္ဒါမြစ်ပင်လယ်တွင်း။ သင်္ဘောကြီးအထက်မှ။ ဝက်ရှူးနာသပေါ် ခိုက်ကို။

ebook is created by www.ShweYoma.Org

ရေထဲသို့ခုန်ဆင်း၍ချလိုက်မိမှားသော။ ဥမ္မတ္တကတို့ခဲ့သို့၊ မဖြစ်စေကြရအောင်။ မဖုတ်မကြော်ဆားစော်၊ ဆီစော်မနံရသည့်။ မစ္ဆပုပ်ကောင်သည်။ မကြာခင်လော်စား၍။ တက်တက်ပြောင်သဥ္စ်နှယ်။ မဖြစ်ကြရအောင်။ ပဉ္စမာကာမာသေနာ။ ဒုတိယအရတိ။ တတိယခုပ္ပိပါသာ။ စတုတ္ထံထိနမိဒ္ဓံ။ ပဥ္စမီဝိစိကိစ္ဆာ။ မာရ်မင်း၏စစ်သည်ငါးဖြာကို။ ရာထောင်မကသောပရိယတ်။ ပဋိပတ်လက်နက်တော်များစွာနှင့်။ ရဲရင့်စွာပုန်လှံ၍။ သာသနာတော်တည်းဟူသောနန်းဝေရန်ဝယ်။ အသက်ထက်ဆုံးချမ်းမြေ့စွာစံနေပြီးလျှင်။ ဘခင်ရှင်တော်ဘုရား၏အရိုက်။ အရဟတ္တဖိုလ်တည်းဟူသောထီးဖြူအောက်သို့။ မြန်မြန်ကြီးဆိုက်ကြရအောင်။ သတိဝိရိယအထူးဆောင်ကြရမည်အကြောင်းများနှင့်။ တေရသမတဆဲ့သုံးကြိမ်မြောက်။ ဩဝါဒစကား။ တရားရေစေတိုက်ကျွေးဆုမ္မလိုက်သည်တရပ်။

သည်မှတပါး။ အပ္ပမာဒကထာ၌လည်း။ ။အာရဗ္ဘထနိက္ခမထ။ ယုဉ္စထဗုဒ္ဓသာသနေ။ ဇနာထမစ္စုနောသေနံ။ နဠာဂါရံဝကုဥ္စရော။ ။ဟူသောပါဠိတော်၏အရ။ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ဘောဇနေမတ္တညုတာစသောရှေးဦးအစ၊ အာရဗ္ဘဓာတ်ထူးမြတ်သောကုသိုလ်အစု။ ထိနမိဒ္ဓအလသိယ။ တန္ဒိ။ ဝိဇမ္ဘိတ။ ကာမစ္ဆန္ဒမှက်ချင်ရဲတို့၊ ကိုက်ခဲခြင်း၏ကင်းလွတ်ရာ။ ။သုခါဝိရာဂတာလောကေ။ ကာမာနံသမတိက္ကမော။ ။ဟောအပ်သောပါဠိအရ။ နေက္ခမသုခလျှင် အရင်းရှိသော။ အာဒိကမ္မိကဘာဝနာမယ။ ကုသိုလ်စသော။ နိက္ခမဓာတ်၊ ထူးမြတ်လှစွာသောကုသိုလ်အစု။ ဤသည့်ခန္ဓာကိုယ်အကောင်ပုပ်သည်။ စက်ဆုပ်ဘွယ်မျှသာစင်စစ်ဖြစ်သတည်း။ အရိုးအသားဟူ၍ ထင်ရှားမရှိဟူသော။ ပညတ္တိသမတိက္ကမသမထဘာဝနာလျှင် အစချီသော။ များစွာသောသမထဘာဝနာကုသိုလ်အစု။ ဤစက်ဆုပ်ဘွယ်အတ္တဘောဟူ၍လည်း။ တလုံးတခဲတည်းမဟုတ်။ သဲတလုံးလောက်မျှသောအသားစုအသွေးစု၌ပင်လျှင်။ အရာအထောင်မက။ အလွန်များပြားလှသော။ ပထဝီအာပေါ်အစရှိသောမဟာဘုတ်၊ ရူပါရုံအစရှိသော။ ဥပါဒါရုပ်တို့သည်။ များစွာရှိကုန်သည်ဖြစ်၍။ စင်စစ်အမှုန့်စုသာလျှင်တည်း။ ဤအမှုန့်စုတို့သည်လည်း အမြဲအရှည်မတည်လျှပ်စစ်တပြက်နှိုက်ပင်လျှင်။ အပြန်အရာအထောင်မက။ အလျှင်အမြန်ဖြစ်၍။ အလျှင်အမြန်ပျက်စီးလျက်။ အသစ်အသစ်လည်း၍နေကြရကား။ မမြဲအနိစ္စ။ ဖြစ်ခြင်းပျက်ခြင်းဖြင့်။ အခါခါနှိပ်စက်၍နေရကား။ အလွန်ဆင်းရဲသည်ဖြစ်၍။ ဒုက္ခဒုက္ခ။ ဤသို့ အနိစ္စ ဒုက္ခ သဘောကို။ နိစ္စ သုခ ဖြစ်အောင်။ စောင့်ရှောက်ပြုပြင်၍မဖြစ်။ အလိုသို့မလိုက်။ ဖြစ်လိုရာသဘောအတိုင်းသာဖြစ်၍နေသောကြောင့်။ မဖြစ်လှာအောင်လည်း မတတ်နိုင်။ မပျက်ရအောင်လည်း မတတ်နိုင်။ ရှေးအဝိဇ္ဇာတဏှာ သင်္ခါရ အကြောင်းအားလျော်စွာ။ ဖြစ်ပေါ်လှာ၍ သဘောအလျောက်သာ ဆောလျှင်စွာပျောက်၍။ အဘယ်သူအစုံတရောက်ပြုပြင်တားမြစ်နိုင်သူမရှိသောကြောင့်။ အစိုးမရ အနတ္တအနတ္တသာလျှင်တည်း။ ဤသို့စရှိသည်ဖြင့်။ ဝိပဿနာရှုအပ်သော။ ဝိပဿနာဘာဝနာမယကုသိုလ်အစုဟုဆိုအပ်သော ယုဥ္စနဓာတ်။ ထူးသည်ထက်ထူးမြတ်သောကုသိုလ်အစု။ များစွာသောအဆိပ်ပင်တို့မှကျ

ebook is created by www.shanyoma.Org

ရော်သော။ အကုဋ္ဌေမကသော အဆိပ်သီးအဆိပ်စေ့တို့ကို။ မျိုးမရောက်စေခြင်းငှာ။ အလွန်ပူလှစွာသောသံပူမီးအိုးတင်းဖြင့်။ လှော်သင်း၍ထားဘိသည်ပမာ။ ဘဝအဆက်ဆက် စံစား၍လာကြသော။ ကာမဂုဏ်အဆိပ်ကြီးတို့မှ။ ကြွေကျသော မရေတွက်နိုင်သော။ ပဋ္ဌာနန္တရိယက်စသော အကုသိုလ်စေတနာ။ ကိလေသာအဆိပ်စေ့ဟူသမျှတို့ကို။ အပါယ်ဘုံသို့ထုတ်ချောက်မရောက်မကျနိုင်စေခြင်းငှာ။ တကြိမ်တခါထဲနှင့်။ စစ်တလင်းလဲအောင်လှော်သင်းဖျက်ဆီးနိုင်သော နိဗ္ဗုတာတံခါးဝ၊ ပဌမရွှေဒယ်အိုးကြီးတည်းဟူသော။ သောတာပတ္တိမဂ်လျှင်အစရှိသော။ အလွန်ထူးသည်ထက်ထူးမြတ်လှစွာသော၊ မုနနဓာတ်။ မြတ်သောကုသိုလ်အစုဟူ၍။ ၄ပါးသောကုသိုလ်ဓာတ်အစုဖြင့်။ နိဗ္ဗာန်အောင်ရပ်သို့။ ဆောလျှင်စွာကပ်ထဲ့နိုင်ကြစေခြင်းငှာ။ အာရဗ္ဘထ။ နိက္ခမထ။ ယုဉ္ဇထ။ ဓုနာထဟု။ ထကြထကြ။ ထလေးဝဖြင့်။ အားပြချီးငှော်။ တိုက်မောင်းဆော်တော်မူသည်များကို။ များများကြီးအားကျကြကုန်သည်ဖြစ်၍။ ယင်းသို့သောလေးလီလေးရပ်။ ထူးမြတ်သောကုသိုလ်ဓာတ်အစုသို့ရောက်နိုင်ကြအောင်။ ။နသီလဗ္ဗတမတ္တေန၊ ဗဟုသစ္စေနဝါပန။ သမာဓိပဋိလာဘေနဝါ။ မုတင်္ဂပဋိပတ္တိယာ။ ။ဘိက္ခုဝိသာသမာပါဒိ။ အပတ္တော အာသဝက္ခယံ။ ။မိန့်တော်သံအတိုင်း မြို့ကြီးခေမာ။ တက်လိုရာဆိပ်ကမ်းသို့။ မလှမ်းမရောက်ကြသေးခင်။ ယင်းမြို့ကြီးကို ညို့ညို့မှိုင်းမှိုင်း၊ တပိုင်းမြင်ရုံမျှနှင့်။ ဝဲဩဃအဆုံးကြားတွင်။ ပေါ့ပေါ့စားစား။ အိပ်ပျော်၍လိုက်မှားကြသော။ လှေသင်္ဘောသားတို့ပမာ။ နိဗ္ဗုတာစခမ်း။ ဘေးမသမ်းသည်။ နိဗ္ဗာန်လမ်းကို။ ရော်ရမ်းမှန်းထားမိသော။ ဗဟုသုတသီလသံဝရပြည့်စုံရုံမျှနှင့်။ တင်းတိမ်အားရစိတ်ချ၍မနေမိကြရအောင်။ ဆင်ဘေးကျားဘေးတို့မှချမ်းသာလို၍။ ထန်းပင်ကိုတက်ရာတွင်။ ပတ်အိုးဝင်မိမှ၊ ဝိရိယပေါ့သည့်အတွက် ထန်းပင်ပတ်အိုးကပက်လက်လံ၍ကျသည့်သူ၏ပမာ။ ဤမျှလောက် စင်ကြယ်အောင် စောင့်ရှောက်အပ်သော။ သီလသံဝရ။ ပါဠိအဌတ္ထာသသင်ကြားကြဘူးသောဗဟုသုတ။ တရားစကား။ အတန်တန်ကြားကြဘူးသောဗဟုသုတ။ အခြေကြီးကုန်ကြပြီးမှ။ ဝိရိယလျော့ပါးကြသည်အတွက်။ လယ်ဖန်များလျှင်လှည်းဘီးမစင်သင့်တတ်သည်ဆိုဘိသည့်အနေ။ ဤရဟန်းဘဝက စုတေကာဖြင့်။ ငရဲပြိတ္တာပြည်သို့။ ရှောင်တခင် မရောက်ထဲကြစေခါ။ သံသရာမှာ။ တခြာခြာလယ်ဖန်များသဖြင့်။ ယခုပင် တာဝတိန်ဘုံဖျားမှာ သိကြားဖြစ်၍။ သူထက်ကဲ။ ယခုပင် အောက်ငရဲမှာသေနာနာ။ ယခုပင် ဗြဟ္မာဖြစ်၍ ပြောင်ပြောင်ဝင်း။ ယခုပင် ဝက်စားကျည်းမှာ တရှုတ်ရှုတ်။ ရေးထုတ်အပ်သည်ပေါ်ရာဏစကားအတိုင်း။ ဖြစ်တတ်လှသည်အရေးများကြောင့်။ စတုကဓာတ်။ ထလေးရပ်တွင်။ မုနနဓာတ်သို့ မရောက်မခြင်း။ မပေါ့ဖျင်းသာချေဟု။ သတိအထူးပြုမိကြအောင်။ မီးရှူးထမ်း၍သွားသောသူကန်းသည်။ မိမိထမ်းဆောင်သောမီးရှူး၏ အရောင်ကို မမြင်ရသခဲ့သို့ငှင်း။ စောင်းအတတ်ဖြင့်အသက်မွေးသောစောင်းသမားနားထိုင်းကန်းသည်။ မိမိသည် တီးမှုတ်အပ်သောစောင်း၏အဆင်းကိုလည်း မမြင်။ စောင်းသံကိုလည်း မကြား။ စောင်းတီး၍ အခရသဉ့်ဆန်စရေစများကိုသာ အာနုဘော်ခံစားရဘိသခဲ့သို့ငှင်း။ မိမိတို့ယယ်စည်ကစ၍။ နေ့ရက်ရှည်ကြာ။ စုဆောင်း၍လာရ

ebook created by www.ShanYoma.Org

သင့်။ ဗဟုသုတသီလသံဝရ၏ အကျိုးလှလှကြီးမပြီး။ အုန်းသီးမြောက်ရဖြစ်၍ မနေကြရအောင် တွင်းကားတူး၏။ တွင်းမအောင်း။ တွင်းအောင်း၏ တွင်းမတူး။ တွင်းလည်း တူ၏။ တွင်းလည်း အောင်း၏ ဟု။ ပုဂ္ဂိုလ်လေးရပ်တို့တွင်။ ။ဂါမဋ္ဌေဝကတ္တာ။ နပနဂါမံ။ ။မိန့်တော်သံအရ။ တွင်းသာတူး၍တွင်းမအောင်းသည့်။ ဂယ်လောင်ကြွက်မိုက်။ ကြောင်ပါးလက်ဝယ်သေဘေးကြီးဆိုက်ရလေသခဲ့သို့။ မရှိကြရအောင်။ ။နိက္ခမေဇ္ဈာ သယာဗောဓိသတ္တာ။ ။ပါဠိတော်မြွက် အတိုင်း ဆိုလိုရင်းပဋိပတ္တိကို အားထုတ်နိုင်ကြောင်း။ ပရိယတ္တိနည်းကောင်းနည်းမြတ်တို့ကို။ ရှာစအပ်ကြသေးသည့်။ အချိန်အရွယ်အားလျော်စွာ။ ပရိယတ္တိနည်းကို အားကြီးစွာရှာကြရသည် အခိုက်ဖြစ်၍။ ဘုရားရှင်၏ အလိုတော်အရ။ နေရာကျကျနိက္ခမသုခကို မရှာနိုင်ကြသေးသော်လည်း။ စဏ္ဍာလကုမာရသည်။ ရာဇကုမာရတို့နှင့်အတူ။ ထီးဖြူစီများကို။ လားလားမျှစိတ်မကူးဖုန်းစားခွက်ပြုလုပ်စရာ။ အဆောက်အအုံကိုသာ ကြံစည်အားထုပ်ပြုလုပ်သခဲ့သို့။ အကြံသေးသိန်။ ဟန်မှေးမှိန်၍။ လောကဂုဏ်သိန်။ ဗဟုသုတ။ သီလရှိန်မျှနှင့်။ တင်းတိမ်အားရ။ ခူရနိက္ခိတ္တ။ မနေကြမိစေဘဲ။ ရာဇကုမာရဖြစ်သောသူသည်။ ကံမကူသေး၍သာ။ ထီးဖြူနှင့်ဝေးလျှင်သာဝေးရသည်။ ကာလေနကာလံ။ ထီးဖြူကို တကြံထဲကြံသခဲ့သို့။ အရဟတ္တဖလကို။ အနိက္ခိတ္တခူရ။ နိက္ခမေဇ္ဈာသယစိတ်စွဲနှင့်။ ပရိယတ္တိကာလထဲတွင်သော်လည်း။ သင့်လျော်အောင်အချိန်ထားသဖြင့်။ ပဋိပတ္တိကာလ။ ဘာဝနာသမယကိုလည်း ကြားချပ်၍။ လျောက်ပတ်စွာနှစ်လုံးထားမိကြအောင်။ အဇ္ဈသုဝါပရသုဝါ။ သေဘေးလာမှ။ ထိုခါနောင်တမရှိကြရအောင်။ မာပမာဒတ္ထဘိက္ခဝေ။ ဒေသနာအထွေထွေကို။ စေ့ရေနှစ်လုံးထားမိကြရအောင်။ မာပစ္ဆာ ဝိပ္ပတိသာရိနောကို။ သဘောလှလှစိုက်မိကြအောင်။ အသက်ကုန်ပျောက်။ တမလွန်သို့ရောက်ခါမှ။ တောက်တခက်ခက်မနေကြရအောင်။ သတိဆောင်ကြရမည်အကြောင်းများနှင့်။ စုဒ္ဒသမတဆယ့်လေးကြိမ်မြောက်ဩဝါဒစကား။ တရားရေ၈။ တိုက်ကျွေးဆုမ္မလိုက်သည်တရပ်။

သည်မှတပါး။ မှာထားဆုမ္မရန် အလုံးစုံကို။ သိမ်းခြုံနိုင်သော။ သဗ္ဗသင်္ဂါဟိကသင်္ခေပကထာ၌။ ။ယာဝကီဝဥ္စဘိက္ခဝေဘိက္ခူ။ ယေတေဘိက္ခူထေရာရတ္တညူစိရာစိရပဗ္ဗဇိတာသံဃပိတရော။ သံဃပရိဏာယကာ။ တေသက္ကရိဿန္တိ မာနေဿန္တိပူဇေဿန္တိ။ တာဝကီဝဥ္စ ဘိက္ခဝေဘိက္ခူနံ ဝဍ္ဍိယေဝပါဋိကင်္ခါနောပရိဟာနိ။ ။ပါဠိတော်မြတ်ဖြင့်။ မည်သည့်အရပ်မဆို။ ထိုထိုနေရာ။ သင်္ဃာအစည်းအဝေးတို့တွင်။ သင်္ဃာထေရ်ဖြစ်ကြသူမထေရ်ကြီးတို့၏။ စကားကိုအောက်သင်္ဃာငယ်တို့ ရှိသေစွာ။ ညီညာဖြဖြ။ လိုက်နာနိုင်ကြသရွေ့ကာလပတ်လုံး။ ထိုထိုပရိသတ်အစည်းအဝေးရဟန်းတို့အား။ ကွဲပြားပျက်စီးဆုတ်ယုတ်ခြင်းမရှိနိုင်။ ပစ္စုပ္ပန်သံသရာ။ အကျိုးစီးပွားပြန့်ပွားသည်သာတည်း။ ဟောတော်မူသဉ်များကို။ များများကြီးယုံကြည်ကြကုန်သဖြင့်။ အောက်သင်္ဃာငယ်ဟူသမျှတို့က။ အထက်ဦးစီး။ နာယကဆရာကြီးတို့။ ဆုမ္မစီရင်ပြောဆိုရာ။ မဉ်သို့မည်ဝါ။ ဆန္ဒာဘယာစသည်ပြစ်တင်ကဲ့ရဲ့အရွဲ့တစောင်း ပြောဆိုပြုကျင့်မရှိ။ အထက်ဆရာကြီးတို့စကားကို မသွေမလှန်။ ပြားပြားဝပ်နာခံနိုင်ကြအောင်။ ယင်းနာယကဆရာ

ebook is created by www.shanyoma.Org

ကြီးတို့ကလည်း။ သမုဒြာဝဲသြဃအကူး။ လေမုန်တိုင်းအမြူးတွင်။ မာလိန်မှူးသင်းဘောသူကြီးတို့။ သတိဝိရိယပမာ။ အခါမပြတ်။ သတိမုဋ္ဌ။ ကြားမချပ်စေရ။ အလုံးစုံစီရင်ပြောဆိုကြသည်အမှုဟူသမျှ၌။ ဆန္ဒာ ဘယာ ဒေါသာ လိုက်လား၊ မမှားကြရအောင်၊ သတိအထူးဆောင်ကြရမည်အကြောင်း။ သည်မှတပါး။ ပဋိသန္ဓာရေဂါရဝတာဟုဆိုအပ်သော။ အပရိဟာနိယတရားများကိုနှစ်လုံးထားကြကုန်သဖြင့်။ ရွှေကျောင်တိုက်သင်္ဃာများတို့၏ အကျိုးကို။ လိုလားတောင့်တ၊ တရားဟောပြ။ ဆုမ္မခြင်းကို ပြုတော်မူလေ့ရှိကြပေကုန်သော။ မဟာဗိုလ်ဆရာတော်။ ဂုံညင်းဆိပ်ဆရာတော်။ ဆင်ဖြူကျွန်းဆရာတော်။ ရွှေလှံဆရာတော်။ ပင်းတောရဆရာတော်။ တောင်တော်ဆရာတော်။ သက်ပန်းဆရာတော်။ ဆိပ်ခွန်ဆရာတော်စသော ဆရာတော်ကြီးများထံ၌လည်း။ ရံဖန် သွားလာဆဉ်းကပ်၊ ယင်းဆရာတော်မြတ်တို့။ ပြောဟောဆုမ္မလိုက်သောတရားစကားဩဝါဒများကိုလည်း။ ရှိသေစွာနာခံမိကြအောင်။ သတိအထူးဆောင်ကြရမည့်အကြောင်း။ သည်မှတပါး။ ဝိသေသအကျည်းဆုံးအားဖြင့်။ သဗ္ဗသင်္ဂါဟိကသခေ်ပစကား။ မှာထားဆုမ္မလိုက်သည်ကား။ ။အမှုံခေါ်အာဝုသောလေဏော။ လေဏတ္တရောပိဝေါသဒါ။ မဟဗ္ဗလာနမာစေရော။ ဝုဍ္ဎုနော့ဝုဍ္ဎုပူဇိတော။ ။ဗဟုဿုတောမဟာပညော။ သီလဝါစသမာဟိတော။ အဇ္ဈဝေါမဒ္ဒဝေါစေဝ။ သာသနဿာနုပါလကော။ ။ဆန္ဒာဒေါသာဘယာမောဟာ။ ဓမ္မသဝနာတိဝတ္တကော။ ဝဓေ့နွှောယသသာယောသော။ သုက္ကပက္ခေဝစန္ဒိမာ။ ။တူပဇ္ဈာစရိယီယာမိ။ မံလေဏာဟံမမာယကော။ မံလေဏာဝေါပိမံလေဏံ။ မံလေဏန္တိမမာယကာ။ ။ဥပဇ္ဈာစရိယီယာထ။ ဇဝံဝေါသောပိသဗ္ဗဒါ။ သဒ္ဓိဗ္ဗိဟာရိကီယန္တော။ တံလေဏောဝဘဝိဿတိ။ ။ အာဝုသော။ ရွှေကျောင်တိုက်မ။ ရွှေကျောင်တိုက်ဝင်။ ငါ့ရှင်တပည့်ကြီးငယ်တစုတို့။ အမှုံ။ ငါတို့၏ ။ လေဏော။ ခိုကိုးရာဖြစ်တော်မူသော။ ဝေါပိ။ သင်တပည့်တို့အားလည်း။ သဒါ။ အခါခပ်သိမ်း။ လေဏက္ကရော။ ခိုကိုးရာကိုပြုတော်မူစွမ်းနိုင်သော။ ပြုတော်မူပေသော။ မဟဗ္ဗလာနံ။ များစွာသောဘုရားတပည့်သင်္ဃာဗိုလ်ပါအပေါင်းတို့၏ ။ အာစေရော။ နာယကဦးစီးဆရာကြီးလည်းဖြစ်တော်မူထသော။ ဝုဍ္ဎုနော့။ အသက်သိက္ခာပညာဂုဏ်ကြီးသောသူတို့ထက်ကြီးတော်မူထသော။ ဝါ။ အသက်သိက္ခာပညာကြီးတော်မူသောကြောင့် ကြီးတော်မူထသော။ ဝါ။ အလွန်အသက်သိက္ခာပညာကြီးတော်မူထသော။ ဝါ။ ကြီးတော်မူသောကြောင့်။ ဝုဍ္ဎုပူဇိတော။ အသက်သိက္ခာပညာကြီးသောသူတို့သော်လည်း ပူဇော်ထိုက်ထသော။ ဗဟုဿုတောစ။ သုံးပုံပိဋကတ်လေ့လာအပ်သောဗဟုဿုတဂုဏ်လည်းရှိတော်မူထသော။ မဟာပညောစ။ ဆန်းကြယ်နက်နဲခက်ခဲရာသိတတ်စွာသည်မဟာပညဝန်လည်းဖြစ်တော်မူထသော။ သီလဝါစ။ ငါးဆယ်ကျော်ကျော် ဝါတော်အမျှစင် ကြယ်လှသောသီလဖြင့် သီလဝန်အရှင်လည်း ဖြစ်တော်မူထသော။ သမာဟိတောစ။ ကျားအောင်းဆင်နေ။ မြိုင်ခြေတောကြီး။ လူမနီးရာ။ ဟိမဝါ၌။ ရှည်ကြာနှစ်ပေါင်း။ ကာလညောင်းစွာ။ ဘာဝနာကမ္မဋ္ဌာန်း။ စီးဖြန်းပျော်မွေ့နိုင်ခြင်းသမာဓိဂုဏ်လည်းရှိတော်မူထသော။ အဇ္ဈဝေါစ။ မျက်ကွယ်မျက်မှောက်။ ယုံကြည်ကိုးစားလောက်အောင်။ ဖြောင့်မတ်ရိုးသား။ တရားစောင့်

ebook is created by www.ShanYoma.Org

ထ အဇ္ဈဝဂုဏ်လည်းရှိတော်မူထသော။ မဒ္ဒဝေါစ။ ပုစ္ဆာမေးလျှော်တရားနာရောက်လာကြသော သူတို့အားလည်း။ ပီယဝါစာ။ ချိုသာပြောလေ့။ နှစ်လုံးပြည့်ဝမဒ္ဒဝဂုဏ်နှင့်လည်း ပြည့်စုံတော်မူထသော။ သာသနဿ။ ဘုရား၏သာသနာတော်မြတ်ကို။ အနုပါလကော။ သာသနာတော်အမှုထမ်း ရဟန်းသာမဏေတို့၌ အမြဲတည်အောင် အစည်စောင့်ရှောက်လေ့ရှိတော်မူထသော။ ဆန္ဒာ ဒေါသာ။ ဘယာမောဟာ။ ဆန္ဒဝင်ပျက်။ ဒေါသမျက်နှင့်။ ကြောက်လျက်တွေဝေ။ အဂတိအနေများကြောင့်။ ဓမ္မဿ။ ဟုတ်တိုင်းသောတရားသဘောကို။ နာတိဝတ္တကော။ လွန်တော်မူလေ့မရှိထသော။ ဝါ။ ရှိတော်မမူသောကြောင့်။ သုက္ကပက္ခေ။ လဆန်းပက္ခ၌။ စန္ဒိမာဣဝ။ တင့်တယ်ပြောင်ရွှန်း။ တနေ့ထက်တနေ့တက်၍ ထွန်းသောလဝန်းခဲ့သို့။ ယသသာ။ ယသဂုဏ်နှစ်ပါးဖြင့်။ ဝဍ္ဎေ။ တကြီးပွားထဲကြီးပွားတော်မူထသော။ ယောသောအာစရိယော။ အကြင်မဟာဗိုလ်ဆရာတော်ဘုရားကြီးသည်။ အတ္ထိ။ သင်တပည့်တို့၏ အနီး။ ခြသေ့်ကြီးအသွင်။ ဆင်ပြောင်ကြီး၏ အလား။ ထင်ရှားရှိတော်မူ၏ ။ အာဝုသော။ အိုငါ့ရှင်တပည့်တို့။ အဟံ။ သင်တို့ဆရာငါသည်ပင်။ တံအာစရိယံ။ ထိုဆရာတော်ဘုရားကြီးကို။ မံလေဏန္တိ။ ငါ၏ ကိုးစားရာဟူ၍။ မမာယကော။ မြတ်နိုးခြင်းရှိသည်ဖြစ်၍။ ဥပဇ္ဈာစရိယီယာမိ။ ဥပဇ္ဈာယ်ဆရာကြီးကိုခဲ့သို့ကျင့်၏ ။ မံလေဏာ။ ငါ့ကိုကိုးစားကြကုန်သော။ ဝေါပိ။ သင်တပည့်တို့သည်လည်း။ မံလေဏံ။ ငါ၏ ကိုးစားရာဖြစ်တော်မူသော။ တံအာစရိယံ။ ထိုဆရာတော်ဘုရားကြီးကို။ မံလေဏန္တိ။ ငါတို့၏ ကိုးကွယ်ရာဟူ၍။ မမာယကာ။ ကိုယ်ဟာတခု မြတ်နိုးခြင်းကို ပြုကြကုန်သည်ဖြစ်၍။ ဥပဇ္ဈာစရိယီယာထ ဥပဇ္ဈာယ်ဆရာကြီးကိုယ်ခဲ့သို့ ကျင့်ကြလေကုန်လော့။ ဧဝံ။ ဤသို့ကျင့်ကြကုန်သော်။ သောပိ။ ထိုငါ၏ ကျေးဇူးသခင်ဆရာတော်အရှင်ဘုရားကြီးကလည်း။ ဝေါ။ သင်တပည့်တို့ကို။ သဒ္ဓိဝိဟာရိကီယန္တော။ သဒ္ဓိဝိဟာရိကတပည့်ရင်းတို့ကိုယ်ခဲ့သို့။ ဆုမ္မပဲ့ပြင်သွန်သင်ပြသမှိုင်းမစောင့်ရှောက် တော်မူသည်ဖြစ်၍။ သဗ္ဗဒါ။ အချင်းခပ်သိမ်း။ တံလေဏောဝ။ သင်တို့၏ ကိုးကွယ်ရာတဖြစ်ထဲသာလျှင်။ ဘဝိဿတိ။ အမြဲဖြစ်တော်မူလတ္တံ့။ ။ဤသို့သောပါဠိဂါထာအနက်လာတိုင်း။ မံလေဏဖြစ်တော်မူသော။ ငါ၏ ကျေးဇူးသခင် မဟာဗိုလ်ဆရာတော်အရှင်ဘုရားကြီးသည်။ သင်တို့၏ တံလေဏတဖြစ်ထဲဖြစ်တော်မူနိုင်အောင်။ မံလေဏဖြစ်ကြကုန်သောငါ၏ တပည့်တို့သည်။ မံလေဏဖြစ်တော်မူသော ဆရာတော်ဘုရားကြီးကို။ ငါ့ထက်မက မံလေဏဟုမှတ်ကြကုန်သဖြင့်။ ဥပဇ္ဈာယိကတ။ ဂုဏသခင်ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား။ တပည့်သားတို့ပြုကျင့်ထိုက်သောဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ရှက်ဆောင်အပ်သော မှုခင်းကိစ္စပါသာဏဆတ္တကိုခဲ့သို့ အလေးပြုအပ်သည်အရာ လွန်စွာချစ်မြတ်နိုးအပ်သည်သဘော။ အထူးထူးသောပန်းပူဇော်ခြင်း။ မကြာမကြာတရားနာသွားလာကြခြင်း စသောပဋိသန္ထာရဂေါရဝတာအရာများတို့၌။ မလစ်မလတ် သတိမုဋ္ဌချားမချပ်စေရ မပြတ်အားထုတ်ကိုးကွယ်တံလေဏတကယ်ဖြစ်ကြရအောင်။ ကုသိုလ်ကံအခွင့်လျော်၍။ ဆင်ဖြူမှကွာဝေးလေဘူးသောဝတ္ထုထုံးပမာ။ မဖြစ်ကြစေခြင်းငှာ။ လွန်စွာသတိပြုမိကြအောင်။ ဟိမဝန္တာ။ ရှုတိုင်းသာသည့်။ မဟာဂနိုင်။ မြိုင်ကြီးအ

တွင်း။ အိုင်မင်းဆဒ္ဒါန်။ ပဒုမ္မာ ကြာတော အတန်တန်တို့၌။ ပန်းဝတ်ရက်ရန့်ကို အဖန်ဖန်ခံစား၍။ ကြာရိုးကြာစွယ် အရသာများနှင့်သာပျော်ပါးနေကြဖြစ်သော။ ဥပေါသထဆင်ဖြူမြတ်သည် သမုတိနတ်မင်းတို့တုန်းသမ္ဘာကြောင့်။ ရတနာဆယ်လီတို့ဖြင့်။ တင့်တယ်စွာ စီခြယ်အပ်သော ရတနာမဏ္ဍပ်ကြီးအောက်။ ဝင်းဝင်းတောက်သည်။ ရတနာအိပ်ခင်းမွေ့ရာဝယ်။ အသွယ်သွယ်သောရာဇဿ၊ ပုညဿ၊ မဟာဿ၊ ဘောဇဥ်တို့ဖြင့်။ မြင်ကြသူရှုမညီး။ ကြားရသူအံ့မပြီးနိုင်ဘွယ်။ ချမ်းသာစွာစမွာယ်ရသော်လည်း။ ဇာတိသဘာဝ။ မြိုင်ထဲ၌သာ ပျော်နေကြအလျောက်။ ယင်းသို့သောသမုတိနတ်မင်းတို့။ ချီးမြှောက်ပူဇော်အပ်သည့်။ နဝရပ်စည်းစိမ်။ ရွှေနှောင်အိမ်မှ။ ခဏမကြာ။ ဆောလျှင်စွာ လွတ်လိုဘိသည်အလား။ ပဝိဝေကဇ္ဈာသယ၊ နိက္ခမေဇ္ဈာသယ၊ ဆန္ဒစရိုက်အားလျော်စွာ။ ပျော်နေကြမြိုင်နေရာ။ ရနေကြချမ်းသာတော်များ၌။ မကြာမကြာ စိတ်တော်ပါးတတ်သည့်အရာများကိုလည်း။ ကိုယ်တော်မြတ်သာ။ ကိုးစားရာရှိကြသောတပည့်သားတို့ကို ထောက်မျှော်။ သာသနာတော်ကို ထောက်ထား။ သနားသည်းခံတော်မူပါမဥ်အကြောင်းများနှင့်။ သင်္ဃာတော်ပေါင်း ဝန်းဝိုင်းတောင်းပန်၍။ နိယံမစဲမံလေဏာတံလေဏာတပြုထဲပြုကြရအောင်။ သတိအထူးဆောင်ကြရမည်အကြောင်းများနှင့်။ ပန္နရသမတဆယ့်ငါးကြိမ်မြောက်ဩဝါဒစကားမှာကြားဆုမ္မလိုက်သည်တရပ်။

ဤသို့လျှင်။ ရွှေကျင်တိုက်သင်္ဃာတို့၌။ ဆရာအနားတွင်မရှိသော်လည်း ရှိသော်ဝိယ။ ဆရာကိုယ်တိုင်လာ၍ မဆုမ္မလှာသော်လည်း ဆုမ္မလှာသော်ဝိယ။ ပစ္စုပ္ပာန်သံသရာကျိုး နှစ်ဖြာပြီးကြစေခြင်းငှာ။ အာဒိတောပဋ္ဌာယပန္နရသမတိုင်အောင်။ တဆယ့်ငါးရပ်သောဩဝါဒစကားရပ်တို့ဖြင့်။ ဆရာဟောကြားဆုမ္မရန်ရှိသမျှကို အစုစုအဖုံဖုံ၊ လူကြီးလူငယ်ဝန်းအုံ၊ တသက်လုံးသောက်မကုန်။ ဆေးစုံအောင်တိုက်ကျွေး၊ သပိတ်ခါ အိပ်ခါ အကုန်ပေးလိုက်ပြီးဖြစ်သောကြောင့် ။ ။ယံဝေါဘိက္ခဝေသတ္ထာရာကရဏီယံ။ ကတံဝေါတံမယာ။ ။မိန့်မှာတော်မူသဥ်အလား။ ဆရာသွားတို့အင်္ဂါ။ တရားဆုမ္မရမဥ့်ခြင်းရာ။ ဆရာတာအလုံးစုံ။ မြစ်ချင်းပြီးကုန်သလော်ရှိပေပြီး။ တပည့်များတို့ကသာလျှင်။ ။အတ္တာဟိအတ္တနောနာထော။ ကောဟိနာထောပရောသိယာ။ ။ဒေသနာတော်၏ အရ။ ။ကိုယ်ရှင်ကိုယ်သာ။ ကိုယ်ဆရာ။ ကိုယ်သာကောင်းအောင်ပြုပါမှ။ ။ဩဝါဒဆရာ။ တို့တွက်တာ။ ဤသာနည်းကုန်ပြ။ ။ကိုယ်ရှင်ကိုယ်သာ။ ကိုယ်ဆရာ။ ကိုယ်သာကဝိအစစ်ဆုံး။ ။ဩဝါဒဆရာတို့တွက်တာ။ ဤသာပြနည်းထုံး။ ။ဆိုဘိသည်ပမာ။ သောဝစ္စဿတာမင်္ဂလာ။ တပည့်တို့တွက်တာကသာ။ လိုစရာမရှိရအောင်။ သတိအမြဲဆောင်ကြစရာရှိပါပေတော့သည်တကားဟု၊ များများကြီးနှစ်လုံးထားကြကုန်သည်ဖြစ်၍။ ဆရာအင်္ဂါပြည့်စုံစေခြင်းငှာ။ ကိုယ်မချီသည်။ ဗျာခိဒုဗ္ဗလအသပ္ပာယအကြောင်းများကို နှစ်လုံးမထား။ ကရုဏာမေတ္တာရှေ့သွား။ အတန်တန်သောစကားရပ်တို့ဖြင့်။ နှံ့စပ်စုံလင်အောင်။ ထုတ်ဆောင်ရေးသား။ ဟောကြားဆုမ္မလိုက်သော။ ပန္နရသဩဝါဒစကားရပ်တို့ဖြင့်။ တန်ဆာဆင်အပ်သော ဤသိဿကောဝါဒလင်္ကာရဓမ္မကထာကို။ အနှစ်တရာမှတကြိမ်

ebook is created by www.ShweYoma.Org

သာကြွေကျသော။ အာသာဝတီနွယ်နီနတ်ပန်းကို။ နတ်ဒေဝါတို့၊ သူတက်ငါဆွတ်လှမ်းပန်ဆင်ကြဘိသည့်ပမာ။ နိုင်ငံဆုံးရပ်တကျေး။ ဝေးလှသီခေါင်။ နွားလံတောင်ဝိဟာရက။ တရံတခါအခွင့်သာခိုက်။ ပေးကမ်းလိုက်သည့်ဩဝါဒဖြစ်သည်နှင့်လျော်စွာ။ တပည့်သဃ်ာကြီးငယ်တစုတို့။ ဝမ်းမြောက်ဝမ်းသာ။ ညီညာဖျဖျ၊ စည်းဝေးဖတ်ကြား၊ မှတ်သားနာခံကြကုန်ပြီးလျှင်။ ယင်းတဆယ့်ငါးရပ်သော၊ ဩဝါဒစကားရပ်များတွင်၊ ပါဝင်သဥ့်အကျင့်ဝတ်အာစာရ။ ဥပဒေသအတိုင်း အသေအချာနေရာတကျမဘောက်မပြန်၊ မသွေမလှန်။ ကျင့်ကြံနေထိုင်နှင့်ကြရမည်အကြောင်းများနှင့်။ အလုံးစုံနိဂုံးအုပ်၊ ဩဝါဒအချုပ်စကားတရားစည်ကြီး။ ရိုက်တီးကြွေးကျော်နှိုးဆော်ဆုမ္မလိုက်သည်။ ရွှေကျင်တိုက်မ။ ရွှေကျင်တိုက်သစ်။ ရွှေကျင်တိုက်ဝင်၊ ရွှေကျင်တိုက်ထွက်။ ရွှေကျင်တိုက်သွေး။ အဝေးအနီးတပည့်သဃ်ာကြီးငယ်တစုတို့။ ။သိဿကောဝါဒလက်ာရမမ္မကထာနိဋ္ဌိတာ။

---

ebook is created by www.ShanYoma.Org

ဇေယျတု။ ။တပည့်ရှေ့ကျောင် လျှောက်ထားပါသဥ်ကျေးဇူးသခင်ဆရာတော် အရှင်ဘုရား။ ။အတ္တနိမေတ္တာဒကေနသိဋ္ဌိတာနံ ဝါအသိဋ္ဌိတာနံ ဝါသဗ္ဗေသမ္ပိသိဿာနံ အတ္တနောမေတ္တာဒကေနသိဋ္ဌတီတိဂုရုဟူသော ဝစနတ္ထအတိုင်း။ တပည့်ရှေ့ကျောင်အား။ ကိုယ်စိတ်နှစ်ဖြာ။ ချမ်းသာစေလိုသောစိတ်ထားနှင့်။ မပြတ်မလတ်။ သနားပို့သသွန်းလောင်းတော်မူအပ်သောဆရာတော်ဘုရားကြီး၏ ။ မေတ္တာဒကသီတလအားလျော်စွာ။ ယခုအခါ ကိုယ်တော်မြတ်တပည့်မှာ။ ကိုယ်စိတ်နှစ်ဖြာချမ်းသည်မြေ။ အတန်ငယ်သပ္ပာယနေရာကို ရပါသည်အကြောင်း။ သည်မှတပါး။ မူလရင်းပဌမက။ ရှိမ်မူကားရွာတောင်။ သရက်ချောင်တောရဍ္ဍနေစည်အခါကပင်။ ပြည့်ရှင်ရာဇာခတ္တိယသည်။ ပုနပ္ပုနံ။ ဝါရေနဝါရံ။ အတန်တန်မင်းချင်းယောက်ျားလူများတို့ကို။ စေလွှတ်ပင့်ဆောင်လှာစေသည်သာမက။ မောက်ကျိုးဆရာတော်ကြီးကိုလည်း ရှိမ်မူကားရွာသို့အရောက် ပင့်ခေါ်လှာစေပြန်သည်ဖြစ်၍။ ဝယောဟာနိမာတာပီတုဥပဠာနတ္ထ အကျိုးများကိုလည်း။ ငဲ့ကွက်ရန်ရှိသေးသဥ်နှင့်။ ရာဇဌာနီဒေသဝယ်၊ ပိဟရဏဖြစ်စဥ်ကပင်။ ။ တာဝေဝါဟံဝသိဿာမိ။ ဇေတိဿံရာဇဌာနီယံ။ ယာဝမေမာတာဇီဝန္တိ။ ပိတာစသုခိတာသဒါ။ ။ ဟူ၍ ဘုရားရှင်ထံ။ မိဋ္ဌာန်သစ္စာရှိပြီးအတိုင်း။ မိအိုဘအိုတို့ထင်ရှားရှိစည်ကပင်။ ။နာဘိကင်္ခါမိပီတူနံ။ တေသံ ကာလံ ကဒါစိပိ။ အဘိကင်္ခါမိတံကာလံ။ ယံမေဏ္ဏဿာသမိဇ္ဈတိ။ ။ တောင့်တကြံစည်ရင်းရှိသည်နှင့်လျော်စွာ။မိအိုဘအိုတို့ကာလက်တဖြစ်ရှာကြသည့်အခါ၌လည်း ။ ။နာဘိတောသေမိပီတူနံ။ တေသံကာလမ္ပိကိဋ္ဌိနံ။ အဘိတောသေမိတံဌာနံ၊ ယံမေဏ္ဏဿာသမိဇ္ဈတိ။ ။စိတ်ပါရှိသည်အလျောက်။ မာတာပီတရကာလက်တနောက်တွင်။ မျှားမျှားကြီးမကြာခင်စေရ။ လက်စမသတ်တတ်သေးသော။ ဂန္ထပလိဗောဓများကို ဖြတ်တောက်ပြီးလျှင် ။ ။ယမှာဒိသာပက္ကမာမိ။ နဝိလောကေမိကိဋ္ဌိနံ။ ဒူရံဂစ္ဆာမိတံဌာနံ။ ယတ္ထိစ္ဆိတံသုခံလဘေ ။ ။အကြံကြီးရောနှင့်။ ထွက်လှာခဲ့ပါသော်လည်း။ ကာယဒုဗ္ဗလ။ ပါဒဒုက္ခ။ ကာရဏဝိကလတ္တွက်ကြောင့်။ လမ်းထက်ဝက်လောက်မျှမရောက်သေးခင်။ ကိန္နရာတောင်တန်းသို့ဝင်လျက်။ မောပမ်းဖြေရင်းအကြံထင်လင်း။ လက်စကြွင်းနှင့်နေရာ။ တပည့်သိဿ ညာတကာနှင့်။ ဥပဌာကခတ္တိယေဟိ။ ပလိဗောဓတွေဘိပြန်သောကြောင့်။ ယင်းသိဿ က။ ညာတကနှင့်။ ခတ္တိယတို့တောင်းပန်ကြရာ။ ငစင်ကိုင်ရွာတောင်။ ဗောဓိချောင်တောရတွင်။ ခိုဝင်နေထိုင်ရသည့်အခါ။ မြို့ထဲကနေသောသူများထက်။ မြို့ပြင်ကခပ်နီးနီးနေသောသူတို့ကပင်သာလွန်၍။ ကြွက်ကြွက်ဆူညိုးညိုးညံ။ မြို့တံ့သံကိုကြားရတတ်သည်ဆိုဘိသခဲ့သို့။ ဂဏပလိဗောဓစသည်အတွက်။ မြို့တံ့သံကို ညိုးညိုးညံမစဲ။ တကြားထဲကြားနေရပါသောကြောင့်။ ဓမ္မန္တရာယ်။ ခုဝယ်တွေ့ဆဲ။ နောင်လဲခါခါတွေ့ဦးလတ္တံ့။ လန့်ခြင်းကြီးစိတ်လန့်၍ရှိသည်နှင့်။ ။တတ္ထေဝါဟံဂမိဿာမိ။

ebook is created by www.ShweYoma.Org

ယတ္ထမေနေဒိသောကလိ။ အတိဒူရံ ဝိဒေသံဝါ။ မော်လမြိုင်ထံထိချင်ထိစေတိ။ ။အကြံကြီး စိတ်ရှိပါသော်လည်း ကျောက်ထီးပမာ။ အလွန်အလေးပြုရပါသော။ ဆရာတော်ဘုရားကြီး၏။ မေတ္တာတော်ဟန့်ဆီး၍။ လှိုင်းတကြီးအကြံ။ အတံယယ်လျော့ပါးသဖြင့်။ ။တတ္တေဝါဟံဝ သိဿာမိ။ ယတောဝေါနာတိဒူရတော။ လဘာမျှာဟံသပ္ပာယံစေ။ မော်လမြိုင်ထံမရောက်ရှိစေ တိ။ ။အကြံရှိပြန်ပါသည်အလျောက်။ သပ္ပာယကို ရပါလျှင်။ ဆရာတော်ဘုရားနှင့်။ ဝေး ဝေးကြီးမနေပါ။ ဆရာတော်ဘုရားထံ လျှောက်ထားခံဝန်ခဲ့ရင်းရှိခဲ့ပါသဉ်အတိုင်း။ ။ယံဝေါက ရောမိပဋိညံ။ နေသာမေဝိထထာဘဝေ။ ။စိတ်အနေကို အခါခါဖြစ်ပါစေလျက်။ မြစ်ရိုး တလျှောက်။ သင့်လျော်လိမ့်မဉ်အထင်ရှိရာအရပ်တို့သို့။ ရောက်လေတိုင်းရော်လေတိုင်း။ မနား မနေရောဝတီမြစ်အရှေ့ဘက် အနောက်ဘက်။ အခါခါကမ်းသို့တက်၍။ လှည့်လည်ရှာဖွေပါ သော်လည်း။ စိတ်တိုင်းကျသင့်လျော်ရာ။ သပ္ပာယဌာနကို။ လှုလှုကြီးမတွေ့သဖြင့်။ တရွေ့ရွေ့ စုန်ဆင်း၍။ မင်းလှရွာကြီးသို့ရောက်သည့်အခါမှ။ ။ဣတောမေတိက္ကမန္တဿ။ ဝသတော နာတိ ယုတ္တကော။ အာစေရေဟိသိဿေဟိစ ဒူရောစဝိဒေသောယတော။ ။အကြံကြီးစော မိသည်အတိုင်း။ ယင်းမင်းလှရွာကြီးမှ အနောက်တောင်တန်းတောစခမ်းသို့လည်း အခါခါ။ အ ရှေ့ဘက်မှာလည်း အထပ်ထပ်။ လှည့်ပတ်ရှာဘွေဖန်များသဖြင့်။ ၎င်းမင်းလှရွာမှအရှေ့တောင် မြစ်တဘက်ဝါးရုံချောင်။ အင်ကြင်းတောင်သုံးလုံးကြားတွင်။ ရောဝတီမြစ်နားမှလည်း။ ကုလ လေးတာသုံးရာကျော်ကျော်။ ဂေါစရဂါမတို့မှလည်း။ သဟဿူနဒဏ္ဍနာတိဒူရ၊ ယင်းဌာနတွင်။ အတံယယ်သပ္ပာယမျှနှင့်။ သန္တောသပြုမှ၊ သုယုတ္တဖြစ်တော့မည်ဟု။ နှစ်လုံးပြု၍ ယခုဤနေရာ ထက်မလွန်စေရ။ စိတ်များများကြီးချ၍။ နေပါသည်အကြောင်း။ ဆရာတော်ဘုရားကြီးက။ မောင်မင်းသည်။ မောင်မင့်တပည့်များနှင့်ဝေးဝေးနေ၍မတော်။ မြို့တော်နှင့်မနီးမဝေး။ လေး တိုင်ငါးတိုင်လောက်အရပ်ကနေစေချင်သည်။ မိန့်တော်မူသည့်စကားကို။ မိုဃ်းကြိုးသွားပွဲတင် သံ။ ပါသာဏဆတ္တံဝိယ။ ဂရုကာတဗ္ဗဖြစ်လှပါသော်လည်း။ ။သကဒတ္ထမဘိညာယ။ သကတ္ထပသု တောသိယာ။ ။အနုညာအပေါ်တွင်။ အတ္တဒတ္တံပရတ္တေန။ ကဒါစိပိနဟာပယေ။ ။အာ ဏာတော်ထွေအတန်တန်။ ဆတ္တာတိဆတ္တံ။ မိုဃ်းကြိုးထက်မိုဃ်းကြိုးသံ။ ညိုးညိုးညံကြားရ သည်များကို။ ပြားပြားဝပ် ကြောက်ရပါသောကြောင့်။ ။ယထာဝေါကထိတာမှကံ။ နကရေ ဟံလဟုံတတ္တာ။ တံမံခမာဟိဘဒ္ဒန္တေ။ ဥပါဒါယာနုကမ္ပနံ။ ။ခြေတော်စုံကို ဦးထိပ်ပန်၍။ အ တန်တန်တောင်းပန်လိုက်ပါသည်များကို။ သနားသည်းခံလိုက်ပါမည့်အကြောင်း။ မောင်မင်း လည်း မြန်မြန်လာ။ ငါလည်း မြို့တော်ကမသွား။ မိန့်တော်မူသံများကို ဦးထိပ်ထက်မရွက်ထားပါ ရ။ မောင်မင်းလည်း မြန်မြန်လာ ငါလည်း မြန်မြန်သွားတော့မည်။ မိန့်တော်မူသော အတ္တာပန္န စကားများကို ဦးထိပ်ထက်ရွက်ထားရပါသည်အခါ၌လည်း။ ဝေလည်ထိုင် စလည် ထိုင်လှံ့ ကိုင် ခွေးခေါ် နည်း။ ကစ္စည်းကျမ်းနိယျာမ်များအတိုင်း။ ဆရာတော်ဘုရား၏ သွားတော့မည်လှံ့တ ပိုင်းကြောင့်။ ရှေ့ထက်ပင်သာလွန်ကြူး၍။ အထူးကြောက်ရပြန်သည်များကို။ အထူးသနား

တော်သည်းခံတော်မူပါမည့်အကြောင်း။ ဆရာတော်ဘုရားကြီးက။ ငါအိုမင်းပြီ။ မင်းဆရာစိုး ဆရာမလုပ်လိုပြီ။ မိန့်တော်မူသည်များကို။ ဦးထိပ်ထက်ပန်ဆင်ရပါသဖြင့်လည်း။ ငါခဲ့သို့ကြီးရင့် သိက္ခာ။ သတိပညာ ဝေပုလ္လ။ အချိန်ကျသည်။ မဟလ္လကထေရကြီးများပင်သော်လည်း။ ဒါရု ဏောဘိက္ခဝေလာဘသက္ကာရောကဋုကောဖရုသော။ ။ဟောတော်မူသည့်အတိုင်း။ သမုတိ နတ်မင်းတို့ အထူးချီးမြှောက်အပ်သော။ ရာဇဂုရုတံဆိပ်တော်နာမံအစခံသည်။ ဒါရုဏသက္ကာရံ။ ဖရုသပူဇော်၊ ကဋုကလာဘ်လာဘံမိုဃ်းကြိုးစက်ဝင်းဝင်းလျှံ။ မိုးမိုးထိန်ညိုးညိုးညံကို။ အပူ ဇော်ခံနေရသည့်အရေးနှင့်။ ပြေးချင်းမတတ်ကြောက်ရသေး၏။ မောင်မင်းတို့နှယ်။ ငယ်ရွယ် ကြသူ။ သတိဝေပုလ္လမတူသည် ငါတပည့်ဟူသူအပေါင်းတို့သည်၊ ငါထက်သာလျှင်။ လွန်စွာ ကြောက်ရစ်ကြဟု။ သုကထိတ။ ဩဝါဒကို။ မပြမပေးသော်လည်း။ ပေးသော်ဝိယ။ အဝုတ္တသိဒ္ဓိ နယအားဖြင့်။ ဆုမ္မတော်မူသည်မည်သောကြောင့်။ ကြားသိရသောတပည့်ဟူသမျှတို့ကပင်။ ။ ဘာသိတဗ္ဗံဝတေဿ၊ ရာဇဂုရုတိယဠိတံ၊ ယတောပိ ဤဒိသာစေရော။ တေဿ အတိဘာယတိ။ ။ဒေိသောနောဟိအာစေရော။ ယေနလာဘေနကမ္ပတိ။ ။ဟုတသက်လုံးနှစ်လုံးထားကြစရာ။ လွန်စွာကောင်းပေသည်ဟု။ နှစ်လုံးထားမိကြပါသည့်အကြောင်း။ သည်မှတပါးလည်း။ ဆရာ တော်ဘုရားကြီး၏ ဝယောဟာနိသည်။ ရာဇဂုရုမပြုလိုခြင်း၏ ကာရဏမသင့်။ ပြုလုပ်လိုခြင်း၏ သာကာရဏဖြစ်သော် ဖြစ်သင့်သည်။ ဝယောဟာနိကာယ၏၊ ဥပဌာကကောင်းကောင်းနှင့်။ ကောင်းကောင်းမွေးမြူမှုသပ္ပာယကို ရသင့်သောကြောင့်တည်း။ ယင်းဆရာတော်ဘုရားကြီး၏ ။ ဝယောဟာနိသည်။ အဘိနိက္ခမန၏ ကာရဏမသင့်။ အရညဌာန၏ ကလိသမ္ဘဝဌာနဖြစ်သော ကြောင့်တည်း။ ဆရာတော်ဘုရားကြီး၏ မူလရင်းဆန္ဒပဝိဝေကဈ္ဈာသယသဉ်သာလျှင်။ ယင်းအ ဘိနိက္ခမန၏ ကာရဏဖြစ်သင့်သည်။ အရညနိဝါသ၏ ။ ကာရဏဖြစ်သင့်သည်။ အရညနိဝါသ၏ ။ ပဝိဝေကဈ္ဈာသယဆန္ဒနှင့်ကင်း၍မဖြစ်သင့်သောကြောင့်တည်း။ ယင်းသို့ပါလျက်။ ဝယောဟာနိ ၏ အတွက်ကြောင့်။ အဘိနိက္ခမနအချက်ဖြစ်ရမည့်ခြင်းရာခဲ့သို့။ မိန့်ဆိုတော်မူခြင်းသည်ကား။ စကားအရာလိမ္မာကျွမ်းကျင်သဖြင့်။ ရှင်လူရဟန်းတို့နာခံသာရုံမျှ။ ဝေဝစနစကားမိန့်ကြားတော် မူသဉ်စင်စစ်တည်းဟု။ ယုတ္တိဟာရသံဝဏ္ဏနာနည်းအလာဖြင့်။ ဆရာတော်ဘုရားကြီး၏ ဒေသကာ ဓိပ္ပာယကို။ လှလှကြီးသိရပါသည့်အကြောင်း။ ယင်းသို့ဖြစ်၍။ ရွှေတောင်ငွေတောင်ပတ္တမြား တောင်တို့ဖြင့်။ တင့်တယ်တောက်ပရာ။ ရှုတိုင်းသာသည်ဟိမဝန္တာ။ မဟာဂနိုင်။ မြိုင်ညိုကြီးတို့ ၏ အတွင်း။ အိုင်မင်းဆဒ္ဒါန်တို့၌ ရေကြည်သီတာ မြေစွာသို့၊ ခါခါသက်ဆင်းသဖြင့်။ ပျော်မြူး နေကြဥပေါသထဆင်မင်းကို။ လူမင်းတို့ယူဆောင်၍။ ဝင်းဝင်းပြောင်သည့်။ ရွှေနန်းဆောင်နေ ရာတွင်း၌။ နတ်သုဒ္ဓာဘောဇဉ်ကျွင်း၍။ သွင်းလှောင်ထားသည်ကို။ ခံနေရဘိသည်အလား။ ရာဇမဟာမတ္တခတ္တိယခတ္တိယီတို့၊ ကြည်ညိုသဒ္ဓါ။ လွန်ဝမ်းသာလျက်။ တင့်တယ်စွာဆောက်လုပ် လှူဒါန်းသည့်။ အံ့မခမ်းအသွယ်သွယ်။ ရှုမညီးလွန်ကြီးကျယ်သော။ ကုဋ္ဌာဂါရပဌ္ဌိမဏ္ဍိတ။ ဝိစိ တ္တတရ။ မဟာဃတရ။ ဗဟုဝိဓသေနာသန၊ ပရိဝါရ၊ ဗဟုဝိဟာရတို့ကို၊ နဂိုရ်ရင်းမူလ။ အပ္ပိစ္ဆသ

ebook is created by www.ShweYoma.Org

ဘာဝသံဝေဂစိတ်ရှေ့သွား။ နိဗ္ဗိဒဗဟုလတရားများကြောင့်။ ဟတ္ထိဗန္ဓနဒိဃိကာ။ အမှိုက်မီးဇာတေ့များကိုခဲ့သို့။ အောက်မေ့ထင်မြင်တော်မူသဖြင့်။ ယင်းသို့သော သမုတိနတ်။ ဖန်ဆင်းအပ်သည်ထူးမြတ်လှနေရာတို့ကိုသော်လည်း။ မဟာဗိုလ်မြိုင်သာတွင်း။ မူးဒိန်စအဝင်၌။ မကျည်းပင်ကြီးတပင်လောက်မျှ။ မနောရမ္မ။ ဖြစ်တော်မမူသည်လည်းအကြိမ်ကြိမ်။ ယင်းသို့သော သမုတိနတ်ခတ္တိယခတ္တိယီတို့။ အလီလီပို့သလျှုဒါန်းလှာစေအပ်သည့်။ ထူးမြတ်လှစွာ နတ်သုဒ္ဓာစည်းစိမ်တို့ကိုသော်လည်း။ မဟာဗိုလ်မြိုင်ဦး။ မူးဒိန်စအတွင်းကစွန်းရွက်ဟင်းတခွက်လောက်မျှ။ မနောရထ။ ချိုမြမြိန်ရှက်တော်မမူသည်လဉ်းအတန်တန်။ အန္တေပူရနတ်နန်း။ နတ်စခမ်းသို့။ အခါခါကြွမြန်းတော်မူရသဖြင့်လည်း။ မြူမှုန်ကထူ။ နေကလည်းပူလျှက်။ လူစော်နတ်စော်နံလှသည်လည်းအကြိမ်ကြိမ်။ လမင်းဘုရား ကိုယ်တော်ပါးဝယ်။ သော်ရှုုးကြယ်ပြောင်။ အရောင်နီးနီး။ ပညာကြီးကျယ်။ တပည့်ကြီးငယ်။ ခြွေရံတော်အသွယ်သွယ်တို့ကိုလည်း။ မြစ်ပင်လယ်ဩဃနားတွင်။ ခါးကိုဖက်။ လက်ကိုဆွဲ။ သားသွီးတွေတွဲရရှဲနှင့်။ အားတခဲခဲလက်ပြစ်ကူးသွားရသူတို့နှင့်မသွေ့။ သံသာရောဃလဟာဘွေတွင် ခြွေရွှေများစွာ။ ဤတပည့်သိဿာတို့သည်။ ဝန်လေးစွာသောဂဏပလိပေါ်ဓသောတည်းဟု၊ စိတ်နှောင့်နှေးဖြစ်တော်မူသည်လည်းအထွေထွေ။ ရာဇန္တေပူရတွင်။ ရွှေရောင်ငွေရောင် ပြိုးပြိုးပြောင်သည့်။ ရွှေဘုံဆောင်ကြငှန်း။ သမုတိနတ်နန်းတို့၌။ ဝမ်းမြောက်ဝမ်းသာပျော်စံမြန်းကြသည်။ သမုတိနတ်မင်း။ ခြေရင်းပရိဝါရံ။ နတ်ဒေဝီအတန်တန်တို့ကိုသော်လည်း။ မီးရောင်ဝင်းထိန်။ ဖန်အိမ်မှန်အိမ်တွင်းတို့၌။ ဝင်ဆင်းကြသည့်ပိုးဖလံကောင်တွေနှင့်လည်းအတူတူ။ ပွက်ပွက်ဆူသည့်ရွှေရည်ငွေရည်။ သကာရည်ထဲ၌။ သေဘေးဆိုက်၍နေရှာကြသော။ ပိုးပရွက်တို့နှင့်လည်းမချား။ အလွန်သနားတော်မူဖန်များသည်လည်းအတိုင်းမသိ။ ယင်းသမုတိနတ်မင်းတို့။ ဖန်ဆင်းစီမံအပ်သော။ ဝင်းဝင်းလျှံပြိုးပြိုးပြောင်ကျောင်းဆောင်ဗိမာန်။ ကုဋ္ဌာဂါရပဋ္ဌိမဏ္ဍိုတံ။ ဝိစိတြနတ်ဝေရန်တို့၌။ အသီးသီးသီတင်းသုံးနေကြသောတပည့်ကြီးငယ်။ အသွယ်သွယ်သော မိတ်ဆွေရင်းချာတို့ကိုလည်း။ မြို့ကြီးရွာကြီး၏ အနီး ရေကန်ကြီးနားတွင်။ မုဆိုးတို့ထောင်ထားအပ်သော။ စိမ်းစိမ်းဖတ်ဖတ် လွန်စွာနုလတ်သဥ္စမြက်ခင်းတဲတွင်။ ဝင်ပေါက်ထွက်ပေါက်ကိုမမှတ်။ ရန်သူလာလိမ့်မည်ဟူ၍လည်းမကြံအောင်းမေ့တတ်။ အမှတ်မဲ့မြက်ကိုသာအတွင်စား၍နေမှားကြသော။ ဘုရားဟောကျမ်းထွက်ဆို။ စတုတ္ထသမင်တွေလိုသာ။ အခါခါတွေးမိ၍။ နိဗ္ဗိဒရှေ့သွား သနားငြီးငွေ့တော်မူသည်လည်း ပြောမကောင်း။ ခေါင်းပေါင်းစတွေတထောင်ထောင်။ ဝမ်းရေးကြောင့် ပူလောင်၍။ တောင်ကူးမြောံသန်း။ နန်းတွင်းနန်းပြင်။ ယခုနံနက်ပင်။ ရာထူးရတော့မည်စင်စစ်။ ညနေခါပင်လစားရိက္ခာရတော့မည်ပုံ။ အထင်တွေဝန်းအုံဖက်၍။ သောကတွေပရပွက်ကျမ်းနှင့်။ နတ်နန်းပတ်လယ်။ အသွယ်သွယ်အဖုံဖုံနေထိုင်ကြသူလူအပေါင်းတို့ကိုလည်း။ မီးမှုန်အိမ်ပြင်ဘက်က။ သူတက်ငါနောက်မကျ။ မီးတွင်းသို့ဆင်းကြရအောင်။ မှန်ချပ်ပေါ် ပူလောင်က။ အတောင်များကျွမ်းခမန်းဝိုင်းဝန်း၍နေကြသောပိုးဖလံတွေကိုခဲ့သို့။ မကြားဝံ့ မမြင်သာ။ သနားတော်မူရသည်လည်းအခါ

ခါ။ ကိုယ်ဝတ်တံဆာပြောင်ပြောင်ဝင်း၍။ အဝါကြီးနှင့်အဝက်တင်းရှာကြသော။ မင်းကျစိုး
ရောင်။ ထင်တလုံးကိုယ်စီမြှောင်၍။ တောင်ကလာမြောက်ကလာ။ ကယ်တော်မူပါတွေကလဲအ
နဲနဲ။ အလှ္ဘာထိုးလှာကြသူတို့ကလည်း ဟို့မစဲဖြစ်၍။ နားတပူထဲပူရပြန်။ နွားသံ၊ ကျွဲသံ၊ ဆဲရေသံ
နှင့်။ နဲ့သံ။ ပုံသံ။ ကျွက်ကျွက်ရိုက်၍။ ထက်ဝန်းကျင်ပရဘူးတိုက်သဖြင့်။ ယင်းသို့သောသံဝိဂ္ဂ
စိတ်တော်မီး။ အိုက်လှချက်ကြီးတော်မူလှသောကြောင့်။ ဇိဂုစ္ဆိတမိဒံဌာနံ။ သာမဏောဟိအဘိဏှ
သော။ ယတ္ထဂါမာဘိရမန္တိ။ အဝိဇ္ဇာယပုရက္ခတာ။ ။ဤအတိုင်းရာဇဌာနီ အာဝါသ၏
အာဒိနဝကို။ လှလှကြီးရှုပြီးခါ။ သမဏောပညဝါမိရော။ ယတ္ထကာမေဟိ လိမ္ပိတော။ တံမုစ္စနံသု
ဏ္ဍစ္ဆေယျ။ ပင်္ကေသန္နောဝကုဉ္စရော။ ။ဟူ၍ သဘောကြီး လုံးလုံးကျတော်မူသဖြင့်။ ။
သုညာဂါရံပဝိဌဿ။ သန္တစိတ္တဿဘိက္ခုနော။ ယံယံလဘတိပါမောဇ္ဇံ။ အမတံတံဝိဇနတံ။ ။
ဒေသနာမိန့်တော်သံကို။ နာခံမှတ်သား။ သတင်းကြားရုံသာမက။ ဝါတော်မြတ်သုံးဆယ်ကျော်။
တော၌သာမွေ့လျော်၍။ ကိုယ်တော်တိုင်။ ယင်းချမ်းသာဌေ့ကို။ ပွဲတွေ့တော်မူခဲ့ဘူးသည်နှင့်
လျော်စွာ။ ဟိမဝါမြိုင်ဦးတွင်။ နတ်သုဒ္ဓါသရက်ထူးကို။ တကြိမ်မျှ ဆားမည်းရဘူးသည့်အ
လောင်းတော်ရှင်ရသေ့။ အခြားသောသရက်ကြမ်းတို့ကို။ အနီးတွင် ခါခါတွေ့သော်လည်း။ မော်
၍မျှမကြည့်ချင်။ ယခင်နတ်သုဒ္ဓါသရက်ကိုပင်။ အခါခါစိတ်ရောက်။ ချင်ခြင်းမပျောက်နိုင်သခဲ့
သို့။ ရှေးခံစားရဘူးသောအရညဌာနဝိဝေကာရာမ။ ပါမောဇ္ဇသုခဌသာ။ အခါခါစိတ်တော်ပါ၍
မဟာဗိုလ်မြိုင်ဖျား။ အရညတိုက်တော်များသို့။ ကြွသွားပြန်လည်တော်မူလိုသည်။ စိတ်တော်
ဖြစ်တော်မူသည်များကိုလည်း။ ။နာဘိကင်္ခါမိတုမှာကံ။ သကဌာနံနိဝတ္တနံ။ အဘိကင်္ခါမိ
တုမှာကံ။ လဒ္ဓသုခဿလဗ္ဘနံ။ ။ဤအတိုင်း စိတ်အကြံရှိပါသည်အလျောက်။ လက်
ဆယ်စုံကို ဦးတင်မျှောက်၍။ ။သိဃံကရောဟိဘဒ္ဒန္တေ။ လဒ္ဓသုခဿလဗ္ဘနံ မန္ဒကရောဟိဘဒ္ဒ
န္တေ။ သကဌာနံနိဝတ္တနံ။ ။ဟူသောဂါထာဖြင့်။ ကိုယ်တော်မြတ်၏။ သံဝိဂ္ဂဗဟုလ။ နိဗ္ဗိဒဗဟု
လ။ ပဝိဝေကဇ္ဈာသယ။ နိက္ခမဇ္ဈာသယစိတ်ထားကြောင်း။ ရှေးရနေကြအရညဝိဝေကသုခ
များ၌ စိတ်တော်မကုန်။ အာရုံတော်မပြတ်သော်လည်း။ ရှေးသီလမြတ်အာနုဘော်။ ခုနှစ်ဆယ်
ကျော်သက်တော်ရှိသည့်။ ဝယောဟာနိကိုယ်တော်မြတ်ကိုလည်းထောက်စာ။ ကိုယ်တော်မြတ်
မျက်နှာသာ။ မျက်နှာအထူးရှိကြသည့်။ သိဿကအပေါင်းတို့ကိုလည်းရှုမျှော်။ အလွန်အား
နည်း၍နေသောသာသနာတော်မြတ်ကိုလည်း။ ချီးမြှော်မစတော်မူသောအားဖြင့်။ ကိုယ်တော်
မြတ်၏သကဌာနနိဝတ္တနကို။ ဖြေးဖြေးသာသာ။ သည်းခံတော်မူပါသဖြင့်။ ရှေးကိုယ်တော်မြတ်။
တောအရပ်ဝယ်။ အသွယ်သွယ်ရအပ်ဘူးသည့်၊ ထူးမြတ်သောဥစ္စာ၊ စိတ္တဝိဝေကချမ်းသာကိုသာ
ခုနေရာခုဌာနတွင်။ ခုချက်ခြင်းလျှင်အမြန်။ ရတဲ့အောင်ကြံဆောင်တော်မူနိုင်လောက်သော။
သတိဝေပုလ္လပညာဗလ။ ဝယောဝုဒ္ဓိဂုဏ။ အချိန်သင့်အခွင့်တော်။ ရောက်တော်မူလှာသည့်အ
တိုင်း။ ယခုလောက်ဤနေရာတွင်ပင်။ ဖြတ်တောက်သင့်သော ပလိဗောဓတို့ကို။ ဖြတ်တောက်
တော်မူ၍။ ရှေးရောက်အပ်ရအပ်ဘူးသည့်။ စိတ္တဝိဝေကချမ်းသာကိုသာ။ ဆောလျှင်စွာရတဲ့

ebook is created by www.ShweYoma.Org

အောင်။ သတိအထူးဆောင်တော်မူပြီးလျှင်။ သုံးဆူသောသူတော်ကောင်းတို့၏ အနက်။ ဘုရားရှင်အလွန်နှစ်သက်တော်မူသည့်။ သုံးချက်မြောက်ရဲသူ။ အားခဲ၍ဖြစ်တော်မူပါသဖြင့်။ မြစ်ပင်လယ်ဝေဆူ။ ဝဲသြဃအငူ။ လှိုင်းကြက်ခွတ်ခေါင်ဖြူတွင်။ ရွက်တိုင်ကိုခိုင်ခိုင်ထူ၍။ ထိုးဝါးကိုမြိုင်မြိုင်ကူရသည့်ပုံပမာ။ သာသနဿ ဟိတေသိကာ။ ဂုဏ်အထူးနှင့်ပြည့်စုံစွာသော။ မတ္တရာဆရာတော်။ စက်ရှုံဆရာတော်။ စသောဆရာတော်ဘုရားတို့လည်း။ ဘဝတပါးပြောင်းသွား။ သင်္ဃာဆရာတော်စသောဆရာများကလည်း ခရီးဝေးကွာ။ ခိုကိုးရာဆရာနည်းပါး၍။ လွန်စွာအားနည်းကြသော တပည့်သံဃာအပေါင်းတို့အား၊ သနားရှေးရှု။ တကဲ့အချက်ဤအငူတွင်။ တပည့်ကြီးငယ်ရှင်လူအပေါင်းတို့၏။ တပေါင်းတည်းခိုကိုးရာ။ ထိုးဝါးကိုမြိုင်မြိုင်ကူ၍။ ရွက်တိုင်ကို ခိုင်ခိုင်ထူတော်မူပါမည့်အကြောင်းများနှင့်။ တပည့်ရွှေကျင်ဆရာ။ ခြေတော်စုံကို ဦးတင်ထား၍။ အသနားတော်မြတ်ခံဝံ့ပါသည်။ အဝေးအနီးတပည့်ကြီးငယ်သံဃာအပေါင်းတို့၏ တပေါင်းတည်းခိုကိုးရာ၊ ရတ္တညူသံဃနာယကသံဃပါမောက္ခသံဃပရိဏာယကနာထက္ကရလေဏတ္တရဂုဏထူးတင်ကျေးဇူးသခင်ဆရာတော်အရှင်မြတ်ဘုရား။ ။ရွှေကျင်အာစရိယေနအတ္တနောပါသာဏဆတ္တာဿ ဝိယဂရုကာတဗ္ဗဿ ဂုရုနောသန္တိကံပါဟိတာဂရွှာရောစနကထာ။ ။ ဂရွှာရောစနလျှောက်ထုံးစာတန်း။

သြဝါဒါလင်္ကာရဓမ္မကထာ။ ဤတွင်၍ပြီးပြီ။